# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၂၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရှားပါးစာရင်းဝင် တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်မှုကို စာရင်းပြုစုနေ

နေပြည်တော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်း တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောရှိ ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ဝက်ဝံမျိုးစိတ်နှင့် တောရိုင်းတိရစ္ဆာန်များ၏ ကျက်စားနေထိုင်မှုကို ကင်မရာထောင်ချောက် ၂၄ လုံးတပ်ဆင်၍ ရက် ၉၀ ကြာ မှတ်တမ်းတင် စာရင်းပြုစုနေကြောင်း ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဟာ ဘင်္ဂလားကျား၊ ဝက်ဝံ၊ နို့တိုက်သတ္တဝါနဲ့ ငှက်အပါအဝင် ရှားပါးသတ္တဝါတွေ ကျက်စားတဲ့ ဘေးမဲ့တောဖြစ်ပါတယ်။ သူတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့၊ သူတို့ရဲ့ ကျက်စားနေထိုင်မှုကို လေ့လာသိရှိနိုင်ဖို့ ကင်မရာထောင်ချောက် ၂၄ လုံးကို ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာ တပ်ဆင်ခဲ့ပြီးတော့ ဖေဖော်ဝါရီ ဒုတိယပတ်မှာ ကင်မရာတွေ ဖြုတ်သိမ်းမှာပါ။

စာမျက်နှာ ၅ ကော်လံ ၁ ■



## ၂၀၂၅ ခုနှစ် (၄၁)ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသား စုပေါင်းရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ

ကျိုင်းတုံ ဖေဖော်ဝါရီ ၂

လားဟူတိုင်းရင်းသားလူမျိုးစုသည် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု၊ စာပေ၊ သမိုင်း အခိုင်အမာတည်ရှိပြီး တစ်နှစ်တာရာသီကာလအတွင်း လားဟူတိုင်းရင်းသားတို့ ကျင်းပကြသည့်ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကာ ထင်းရှူးပင်များ အဖူးဖူးသည့်အချိန်၊ ချယ်ရီ၊ မက်မန်း၊ မက်မွန်ပင်များ အပွင့်ပွင့်သည့်အချိန်တွင် ကျင်းပသည်။

ရှေးအစဉ်အဆက်က လားဟူနှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာ ဒေသအလိုက် ပျော်ရွှင်စွာ ကျင်းပခဲ့ရာ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဆန်၊ စပါး၊ အသီးအနှံများနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❍

## မြိတ်မြို့နယ်၌ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ အိမ်ခြံမြေရောင်းချသူ ပိုမိုများပြားလာ

မြိတ် ဖေဖော်ဝါရီ ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ကာ အိမ်ခြံမြေရောင်းချသူ ပိုမိုများပြားလာကြောင်း ဒေသခံတချို့ထံမှ သိရသည်။

ယခင်က ဥယျာဉ်ခြံမြေ၊ လယ်ယာမြေနှင့် လူနေအိမ်အချို့ကိုသာ အရောင်းအဝယ်ပြုလုပ်လေ့ရှိသော်လည်း ယခင်နှစ်နှစ်ကုန်ပိုင်းလောက်တွင် နေအိမ်ဥယျာဉ်ခြံမြေများကို ရောင်းချလာကြသည်။

လတ်တလော ငွေကြေးလိုအပ်ချက်များ ရှိလာသည့်အတွက်ကြောင့် မိမိတို့ပိုင်ဆိုင်သည့် လူနေအိမ်နှင့် တိုက်ခန်းများကို ရောင်းချခြင်း၊ တချို့ကလည်း စိုက်ပျိုးလုပ်ကိုင်နေကြသည့် ဥယျာဉ်ခြံမြေများကို အစိတ်အပိုင်းလိုက် ရောင်းချခြင်း၊ ဧကအလိုက် ရောင်းချခြင်းများ ပိုမိုများလာကြောင်း သိရသည်။

"အရင်တုန်းက မြို့ပေါ်ရပ်ကွက်နဲ့ ကျေးရွာတွေမှာ နေအိမ်ခြံမြေရောင်းချသူ နည်းပါးပါတယ်။ အခုကတော့ မြို့ပေါ်ရပ်ကွက်တွေမှာ ဈေးလျှော့ပြီး ရောင်းချနေသံတွေ

စာမျက်နှာ ၄ ကော်လံ ၁ ❖


ယနေ့ ဖတ်စရာ

အရေးအတွက်မှသည် အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ်ဆီသို့ ... ဆောင်းပါး စာ ၆

နိုင်ငံတော်နှင့် တောင်သူများအတွက် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရေး အကျိုးပြုနေသည့် မဲဇလီရေလွှဲဆည် သတင်းဆောင်းပါး စာ ၁၁

ကလောခရိုင် ဖယ်ခုံမြို့နယ်အတွင်း လျှပ်စစ်မီးပြန်လည်ရရှိ ပြည်တွင်းသတင်း စာ ၁၇

မြန်မာ့အလင်း

## ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းမှုတို့ဖော်ဆောင်

နိုင်ငံရေးကို အခြားနည်းကျင့်သုံးရာမှ လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာသည်ဟု အဆိုရှိသည်။ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာရှိသကဲ့သို့ နိုင်ငံရေးပါတီများစွာ၊ အစိုးရကို ဆန့်ကျင်ပုန်ကန်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းလည်း များစွာရှိသည်။ မြေပေါ်မှ နိုင်ငံရေးပါတီများရော၊ တောတွင်းမှ လက်နက်ကိုင်များပါ အများအပြား ဖွဲ့စည်းဖြစ်ပေါ်နေခြင်းသည် အတွေးအမြင်၊ ခံယူချက်၊ ယုံကြည်ချက်၊ မူဝါဒ၊ သဘောထား စသည်ဖြင့် အဘက်ဘက်တွင် မတူကွဲပြားခြားနားခြင်းကြောင့်ဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူလူထု၏ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေပြီး အထွေထွေရွေးကောက်ပွဲကြီးတစ်ရပ်ကို မဖြစ်မနေ အောင်မြင်စွာ ကျင်းပပေးနိုင်ရန် ဘက်ပေါင်းစုံမှ စီမံဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါ ဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ ပြန်လည်မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ ၅၀ နှင့် ပါတီအသစ် တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ ၁၈ ပါတီ စုစုပေါင်း ၆၈ ပါတီရှိသည်။ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ မှာမူ နိုင်ငံရေးပါတီအဖြစ်မှ ပျက်ပြယ်သွားခဲ့ပြီ ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မှတ်ပုံတင်ခွင့် တင်ပြလာသည့် နိုင်ငံရေးပါတီ အဟောင်းနှင့်အသစ် စုစုပေါင်း ၆၈ ပါတီအနက်မှ လက်ရှိတွင် တည်ဆဲနိုင်ငံရေးပါတီပေါင်း ၅၃ ပါတီ ရှိနေသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဒေသအလိုက် လုံခြုံရေး အခြေအနေပေါ်မူတည်ပြီး ကျင်းပပြုလုပ်ပေးသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။ အဆိုပါရွေးကောက်ပွဲ ကျင်းပပြီး ပေါ်ပေါက်လာသည့် လွှတ်တော်တွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေး၊ ဒေသနှင့် တိုင်းရင်းသားများအကျိုးကို တရားဥပဒေနှင့်အညီ ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များ နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်လာနိုင်စေရန် ရွေးကောက်ပွဲတွင် မဲများသူအနိုင်ရသည့်စနစ် (First Past The Post) FPTP စနစ်အပြင် မြန်မာနိုင်ငံနှင့် သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List – PR) ကို ပေါင်းစပ်ကျင့်သုံးသွားမည်ဖြစ်သည်။

နိုင်ငံရေးကို ဥပဒေနှင့်အညီ နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးခဲ့ကြခြင်းကြောင့် ပြည်တွင်းမငြိမ်မသက်ဖြစ်ပေါ်နေခြင်းကို မလိုလားသည့်ပြည်သူများ၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့်နိုင်ငံများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ကျင်းပပေးမည့် ရွေးကောက်ပွဲကို အပြည့်အဝ အားပေးထောက်ခံကြသည်။ သို့ရာတွင် လက်ရှိမိမိတို့နိုင်ငံ၏ အခြေအနေသည် လွတ်လပ်ပြီး တရားမျှတသော အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရန်အတွက် စိန်ခေါ်မှုများစွာတို့ ရှိနေသည်။ အထူးသဖြင့် နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာကို အကြမ်းဖက်လမ်းစဉ်၊ လက်နက်ကိုင်လမ်းစဉ်တို့ စွဲကိုင်ကာ အကြမ်းဖက်တိုက်ခိုက်သည့် နည်းလမ်းကို ရွေးချယ်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် ပြည်တွင်းဒေသအများအပြားတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားလျက်ရှိသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ကလည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေချဲ့ထွင်ရေး၊ နယ်မြေအလိုက် အာဏာရရှိရေးတို့ကို ဦးတည်ဆောင်ရွက်နေကြသည်။

လက်ရှိကာလသည် မိမိတို့နိုင်ငံတွင် အရေးပေါ်အခြေအနေရှိနေဆဲဖြစ်ပြီး လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန် လိုအပ်သော အခင်းအကျင်းများကို စနစ်တကျ ဖော်ဆောင်နေဆဲကာလဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုတို့ ပိုမိုရရှိရန် လိုအပ်လျက်ရှိရာ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား နိုင်ငံသား ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ ပြည်တွင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး တည်ဆောက်မှုတွင် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




### ၂ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## မိုးယွန်းကြီးအင်းသည် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာကောင်းများ ရှိသည့်အတွက် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အဆိုပြုတင်သွင်းခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိ

ပဲခူး ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူတို့က ပြင်ဆင်မွမ်းမံပြီးစီးခဲ့သည့် မိုးယွန်းကြီးအင်း ပညာပေးပြခန်းဆိုင်းဘုတ်အား အမွှေးနံ့သာရည် ပက်ဖျန်း၍ ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မိုးယွန်းကြီးအင်းအတွင်း နေထိုင်ကျက်စားသည့် တောရိုင်းတိရစ္ဆာန်ပုံသွင်းရုပ်လုံးများ၊ ဆေးစိမ်ရုပ်ကြွင်းများနှင့် Flyway Network Site (ငှက်ပျံသန်းမှု လမ်းကြောင်းဒေသ) မြေပုံများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ကြိုးကြာခန်းမ၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် အခမ်းအနား



ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေဝပ်ဒေသများသည် ကျန်းမာပျော်ရွှင်သော လူနေမှုဘဝများကို ပံ့ပိုးပေးလျက်ရှိရာ လူသားတိုင်း၏ အနာဂတ်ကောင်းမွန်သာယာနိုင်စေရေးအတွက် ရေဝပ်ဒေသများကို ထိန်းသိမ်းကာကွယ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိုးယွန်းကြီးအင်းသည် ကုန်းတွင်းရေဝပ်ဒေသဖြစ်ကာ ဆောင်းခိုငှက်များ၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော ငှက်မျိုးစိတ်များ ကျရောက်ကျက်စားခြင်းနှင့်အတူ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက်နယ်မြေတစ်ခုဖြစ်ခြင်း၊ သဘာဝဂေဟစနစ်များ ကောင်းမွန်မှုရှိခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာကောင်းများရှိသည့်အတွက် အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် အဆိုပြုတင်သွင်းခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးယွန်းကြီးအင်းရေဝပ်ဒေသ၏ ဝန်ဆောင်မှုနှင့် သယံဇာတများအား ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဂေဟစနစ်များ သဘာဝအတိုင်း ကောင်းမွန်စွာ တည်ရှိနိုင်ရေး ပြည်သူလူထု အသိပညာပေးခြင်း၊ လူထုအခြေပြုထိန်းသိမ်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက မိုးယွန်းကြီးအင်းရေဝပ်ဒေသ၏ အရေးပါပုံနှင့် ထိန်းသိမ်းစောင့်ရှောက်မှုမှတစ်ဆင့် ဒေသခံပြည်သူများထံသို့ ပြန်လည်အကျိုးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဝပ်ဒေသထိန်းသိမ်းရေး ဗီဒီယိုကို ကြည့်ရှုပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆုရကျောင်းသား ကျောင်းသူများ၏ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

○ *ရှေ့ဖုံးမှ*

ပစ္စည်းဥစ္စာများကို နှစ်သစ်ကူးပွဲတော်တွင် စုပေါင်းပါဝင်လှူဒါန်းကြကြောင်း၊ ထင်းရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားကာ ထင်းရှူးပင်ကို ဝိုင်းပတ်ပြီး ယင်းတို့၏ အထိမ်းအမှတ် ဘူးပလွေများဖြင့် တီးမှုတ်၍ ထင်ရှားသော မြေဝိုင်းအကဖြင့် ဖျော်ဖြေကပြကာ ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် ပြစ်မှားမိသော အပြစ်များရှိပါက ခွင့်လွှတ်ပေးကြပါရန်၊ အပြစ်များကို ဆေးကြောပေးရန်၊ သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်များကို လူငယ်များက ရိုးရာလက်ဆေး မင်္ဂလာပြုလုပ်ခံယူသော ပွဲတော်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် (၄၁) ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသား စုပေါင်းရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ကတ်ဇင်ကျေးရွာ၌ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ကျော်ထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ်က အမှာစကားပြောကြားပြီး စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီသို့ နှစ်သစ်ကူးလက်ဆောင် ပေးအပ်သည်။ ထို့နောက် စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ (ကိုယ်စား) ဦးကျာလယ်စိုးက နှစ်သစ်မင်္ဂလာ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လားဟူတိုင်းရင်းသား လူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လက်ဆေးမင်္ဂလာပွဲ ကျင်းပသည်။ ယင်းနောက် လားဟူ




တိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှုအက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဦးစီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ပွဲတော်လာရောက်လည်ပတ်သူများက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြပြီး လားဟူတိုင်းရင်းသားများနှင့်အတူ ဘူးပလွေများတီးမှုတ်၍ ထင်ရှားသော မြေဝိုင်းအကတွင် စုပေါင်းပါဝင် ဂုဏ်ပြုဆင်နွှဲကြသည်။**(အပေါ်ပုံ)**

လားဟူတိုင်းရင်းသား လူမျိုးများသည် ယခုအချိန်တွင် တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၌ ပျံ့နှံ့နေထိုင်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (မြောက်ပိုင်း)တို့၌ အများဆုံးနေထိုင်လျက်ရှိပြီး လားဟူမျိုးနွယ် ၃၀ ခန့်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူပွဲကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး လေးတိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင်ကျောင်းကိုးကျောင်းမှ သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်း ကျင်းပရာ ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ လာရောက်လောင်းလှူကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊အမှုထမ်းများ၊ မိသားစုဝင်များမှ ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူရန် ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး အစိုးရဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များက ပင့်သံဃာ ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများနှင့် ဝတ္ထုငွေများအား လောင်းလှူခြင်းနှင့် သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့် ဝတ္ထုငွေများအား လောင်းလှူကြသည်။(ဝဲပုံ)

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းနှင့် ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များက လစဉ်လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာရှိ သစ်မွှေးစိုက်တောင်သူများအား သစ်မွှေးစိုက်ပျိုးထုတ်လုပ်မှုအကြောင်း သိကောင်းစရာများ အသိပညာပေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၂

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ သစ်မွှေးစိုက်တောင်သူများအား သစ်တောဦးစီးဌာနက သစ်မွှေးစိုက်ပျိုးထုတ်လုပ်မှုအကြောင်း သိကောင်းစရာများနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က နန်းကွေ့ကျေးရွာအတွင်းရှိ ကျွန်းရွှေစင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။**(ယာပုံ)



အဆိုပါ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ကချင်ပြည်နယ်အနေဖြင့် ကမ္ဘာ့ပထမတန်းစားသစ်မွှေးများ ထွက်ရှိရာဒေသတစ်ခုဖြစ်သည့်အပြင် သစ်မွှေးစိုက်ပျိုးခြင်းကို ၂၀၀၇-၂၀၀၈ ခုနှစ်မှ စတင်ခဲ့ကြပြီး မြစ်ကြီးနားမြို့နယ်တွင် ၂၀၂၁ - ၂၀၂၂ ခုနှစ် စာရင်းများအရ သစ်မွှေးပင်ပေါင်း ၂၅၀၀၀၀ ခန့် ရှိနေသေးသည်ကို သိရကြောင်း၊ ထို့အပြင် သစ်မွှေးပင်များသည် ဆေးသွင်းနိုင်သော အသက်အရွယ်နှင့် လုံးပတ်များ ရှိနေသောကြောင့် စီးပွားဖြစ်ရန် အလားအလာကောင်းများစွာ ရှိနေသည်ကို သိရကြောင်း၊ ထို့အတူ သစ်မွှေးဆေးသွင်းစိုက်ပျိုးထုတ်လုပ်ရေး၌ မြစ်ကြီးနားသည် ကမ္ဘာ့သစ်မွှေးဈေးကွက်တွင် နေရာရရှိနိုင်သော အခြေအနေကောင်းများစွာ ရှိနေသည့်အပြင် ယနေ့သုတေသနတွေ့ရှိချက်များအရ ကချင်ပြည်နယ်တွင် သစ်မွှေးနှင့် သက်ဆိုင်သော ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုကို ဦးတည်နိုင်မည့် အစိမ်းရောင်စီးပွားရေးစနစ်ကို ဆောင်ရွက်နိုင်မည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်ပါ၍ ယနေ့ပညာရှင်များ၏ ဆွေးနွေးမှုကို စနစ်တကျလေ့လာမှတ်သားပြီး စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သစ်မွှေးစိုက်တောင်သူများနှင့် စိတ်ပါဝင်စားသူများအား မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာကလျာလူက မြန်မာ့သစ်မွှေးသုတေသနပါအချက်များနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်အတွင်း ကမ္ဘာ့ပထမတန်းစား သစ်မွှေးထွက်ရှိရာဒေသများ၊ သစ်မွှေး၏တန်ဖိုး၊ အသုံးဝင်ပုံနှင့် သစ်မွှေးဆေးသွင်းမှုနည်းလမ်းများနှင့် သစ်မွှေးဖြစ်မှုရာခိုင်နှုန်းအခြေအနေများကို နည်းစနစ်ကျ ဆေးသွင်းနိုင်သည့်အချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးရာ တက်ရာက်လာကြသူများက သစ်မွှေးဆေးသွင်းထုတ်ယူနိုင်မှု အခြေအနေများ၊ စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကာ သစ်မွှေးဖြစ်တည်မှု ဖြစ်ပေါ်ခဲ့မှုအခြေအနေများကို ပြသရှင်းလင်းသည်။

ယင်းနောက် အဆိုပါ ဘုန်းတော်ကြီးကျောင်းဘေးရှိ သစ်မွှေးခြံ၌ သစ်မွှေးပင်များအား ဆေးသွင်းခြင်းလုပ်ငန်းကို လက်တွေ့သရုပ်ပြရှင်းလင်းခြင်းနှင့် ဆေးသွင်းခြင်းဖြင့် သစ်မွှေးဖြစ်တည်မှု ရာခိုင်နှုန်းဖြစ်ပေါ်လာမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

၂-၂-၂၀၂၅

| | | | |
|---|---|---|---|
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၂ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါးမြို့ | ၃ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၄ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၄ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင်မြို့ | ၄ | ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်းမြို့ | ၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့ | ၆ | ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနားမြို့ | ၇ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီးမြို့ | ၈ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်းမြို့ | ၈ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |

မိုး/ဇလ

❖ ရှေ့ဖုံးမှ

ကြားနေရပါတယ်။ ကျေးလက်ဒေသဘက်မှာလည်း နေအိမ်၊ ဥယျာဉ်တွေကို ရောင်းချလာတာတွေ့ရပါတယ်။ ယခုနောက်ပိုင်းမှာ မြေအပိုတွေ ရောင်းလာတာများလာပါတယ်” ဟု မြိတ်မြို့ပေါ်ရပ်ကွက်အတွင်း နေထိုင်သူတစ်ဦးက ပြောကြားသည်။

မြင့်ဦး(မြိတ်)



## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၁) ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနိယဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

## ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော်ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မင်းဘူး ဖေဖော်ဝါရီ ၂

**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၁) ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနိယဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ကျင်းပသည်။**

ဦးစွာ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာန ချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ မကွေးတိုင်း ဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒပူဇနိယဘုရားပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် မင်္ဂလာမုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**



### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် နေပြည်တော် လယ်ဝေးမြို့ နဂါးရုံတစ်ထောင် စမတောင်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ မင်္ဂလာဓမ္မ ဇောတိကဓဇ၊ ထေရဝါဒဗုဒ္ဓသာသနဇောတိက ဒေါက်တာဘဒ္ဒန္တဝံသသီရိနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်တို့က မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက ဇီဝိတဒါနအဖြစ် ငှက်လွှတ်ခြင်းနှင့် ငါးလွှတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ အဖွဲ့ဝင်၊ နေပြည်တော် ပျဉ်းမနားမြို့ အောင်စည်သာကျောင်းဆရာတော် ဘဒ္ဒန္တဝိစက္ခဏနှင့် နေပြည်တော် လယ်ဝေးမြို့ နဂါးရုံတစ်ထောင် စမတောင်ကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဝံသသီရိ အမှူးပြုသော ဆရာတော်ကြီးများ၊ မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက အောက်စက်တော်ရာ (ခြေတော်ရာ) အလင်းပေါက် ဖန်အုပ်စောင်းတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်း၊ အထက်စက်တော်ရာ ပါဒစေတီတော်မြတ် သံတံခါးအား ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး နမ္မဒါရေစင်နှင့် အမွှေးနံ့သာရည်များ သွန်းဖျန်း၍ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ ပင့်ဖိတ်ထားသော ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓပါဒစေတီတော် (ခြေတော်ရာ)နှစ်ဆူနှင့် အောက်စက်တော်ရာ(ခြေတော်ရာ)အနီးရှိ ဘုရားဝတ္တကနယ်မြေ၌ အသစ်တည်ထားကိုးကွယ်သော ဆုတောင်းပြည့် လိုတရနမ္မဒါနဂါးရုံဘုရားအား ဗုဒ္ဓါဘိသေက အနေကဇာတင် ဘိသိက်သွန်းတော်မူသည်။

ယင်းနောက် မန်းရွှေစက်တော်ဘုရား သုံးထပ်ဆောင် သာသနာ့ဗိမာန်တော်၌ (၂၅၉၁) ကြိမ်မြောက် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒစေတီတော်နှစ်ဆူ ဖွင့်လှစ်ပူဇော်အောင်မြင်ခြင်းအထိမ်းအမှတ် ဒါန သီလဘာဝနာကုသိုလ်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ပရိတ်တရားတော်များ နာယူကြည်ညိုကြ၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။



### ရက်အရှည်ကြာဆုံး ဘုရားပွဲတော်တစ်ခုဖြစ်

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က)အဆင့်စာရင်းဝင် ဘုရားကြီးဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ထင်ရှားကျော်ကြားပြီး ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော်ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ မိဘပြည်သူများ ညအိပ်တည်းခို နားနေနိုင်စေရန် တည်းခိုဆောင်အခန်းပေါင်း ၃၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၃၅၀ ခန့်ကို ဆောက်လုပ်ပေးထားပြီး ယခုအခါ (၂၅၉၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။ **မောင်မောင်(မင်းဘူး)**



■*ရှေ့ဖုံးမှ*

ကင်မရာထောင်ချောက်တွေ ဖြုတ်သိမ်းစစ်ဆေးတဲ့အခါ တောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေရဲ့ ထူးခြားမှုကို သိရှိရမှာပါ။ ဒီလို ဘေးမဲ့တောတွေ ရေရှည်တည်တံ့ခိုင်မြဲဖို့ ဒေသခံပြည်သူအားလုံး ပူးပေါင်းပါဝင် ထိန်းသိမ်းစောင့်ရှောက်ဖို့လည်း လိုအပ်ပါတယ်”ဟု ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

ယမန်နှစ်ကလည်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကင်မရာထောင်ချောက် ၂၄ လုံးတပ်ဆင်၍ တောရိုင်းတိရစ္ဆာန်များ သွားလာကျက်စားမှုကို စောင့်ကြည့်ခဲ့ရာ ဘင်္ဂလားကျား၊ မလေးရှားနှင့် ဟိမဝန္တာဝက်ဝံမျိုးစိတ်၊ ဆင်၊ အင်းကျား၊ ကြောင်မျိုးစိတ်၊ ပြောင်နှင့် ရှားပါးမျိုးစိတ် ၂၅ မျိုးကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အထူးသဖြင့် ကမ္ဘာ့ရှားပါးစာရင်းဝင် ဘင်္ဂလားကျား၊ ရင်ဘတ်တွင် အဖြူရောင်ဗီပုံသဏ္ဌာန်ရှိသည့် ဟိမဝန္တာဝက်ဝံနှင့် ရင်ဘတ်တွင် အဖြူရောင်ယူပုံသဏ္ဌာန်ရှိသည့် မလေးရှားဝက်ဝံမျိုးစိတ်နှစ်မျိုး ရှင်သန်ကျက်စားလျက်ရှိသည်။

ထို့ပြင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၅၇ မျိုး၊ ငှက်မျိုးစိတ် ၃၃၂ မျိုး၊ ငါးမျိုးစိတ် ၆၇ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၇၇ မျိုး၊ အပင်မျိုးစိတ် ၄၃၂ မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ်ရှစ်မျိုး၊ ရေနေပင် ၂၃ မျိုး၊ မြက် ၁၈ မျိုးနှင့် သစ်ခွမျိုးစိတ် ၁၆ မျိုး တည်ရှိနေသည့်အပြင် တိုက်လိပ်အပါအဝင် မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များလည်း တည်ရှိနေသည်။

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၁၉၇၄ ခုနှစ် မေလတွင် သတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဟုမ္မလင်းမြို့၌ အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်ကြီးအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ-ထမံသီဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး**



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျက်စားနေသည့် ဘင်္ဂလားကျားကို တွေ့ရစဉ်။

# အရေအတွက်မှသည် အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ်ဆီသို့ ...

**မိုးကေနိုင်**

**❝ဖော်ထုတ်ချင်တာက လယ်သမားရှားပါးရခြင်း အကြောင်းများစွာထဲက အဓိကအကြောင်းရင်းနဲ့ အကျိုးဆက်တွေကို ဖော်ထုတ်နိုင်ဖို့ပါပဲ။ စစ်တမ်းအရ လယ်ယာလုပ်ငန်းကရတဲ့ အမြတ်ကနည်းပြီး ဝင်ငွေမလုံလောက်လို့၊ ဝင်ငွေပုံမှန်မရလို့၊ ပင်ပန်းဆင်းရဲလို့၊ စိုက်ပျိုးရေမလုံလောက်လို့၊ ရာသီဥတုမမှန်လို့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ပစ္စည်း စတဲ့သွင်းအားစုတန်ဖိုးတွေ ဈေးမြင့်တက်လာလို့၊ နယ်မြေအခြေအနေ မတည်ငြိမ်လို့ စတဲ့မူလအကြောင်းတရားများကနေ မိမိဘိုးဘွားပိုင်လယ်လုပ်ငန်းမှာ စိတ်မဝင်စားကြတော့ဘဲ လယ်လုပ်ငန်းကိုစွန့်ခွာကြပြီး မြို့ပြပုဂ္ဂလိကလုပ်ငန်းတွေ၊ အစိုးရလုပ်ငန်းတွေမှာ ဝင်လုပ်ကြ၊ နိုင်ငံခြားထွက်ကြ စတဲ့အဓိကကျတဲ့ အကြောင်းရင်းတွေကို လယ်သမားတွေရဲ့ ပြောဆိုချက်များကနေ ဖော်ထုတ်ရရှိခဲ့ပါတယ်❞**

နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခုရဲ့ တိုးတက်မှု ဖွံ့ဖြိုးမှုဟာ ထိုနိုင်ငံ ထိုလူ့အဖွဲ့အစည်းရဲ့ အရင်းအမြစ်အင်အားနဲ့ တိုက်ရိုက်အချိုးကျပါတယ်။ ဒီအချက်ကို အားလုံးက သိပြီးဖြစ်လို့ အငြင်းပွားစရာမရှိပါ။

ဒါပေမယ့် အရင်းအမြစ်ဆိုတဲ့အရာမှာ လူ (men)၊ ပစ္စည်း (material)၊ ငွေ (money)၊ စိတ်ဓာတ် (mind) နဲ့ စီမံခန့်ခွဲမှု (management) ဆိုပြီး M ငါးလုံးကို ယူကြည့်ပါမယ်။ လူအင်အား၊ ပစ္စည်းအင်အား၊ ငွေအင်အား၊ စိတ်ဓာတ်အင်အားနဲ့ စီမံခန့်ခွဲမှုစွမ်းရည်ဆိုပြီး အလွယ်တကူ မှတ်သားလိုက်ပါတယ်။ ဒီအင်အားတွေနဲ့ပဲ တိုင်းပြည်ကို တည်ဆောက်ကြရတာပါ။ ဒီအင်အားတွေချို့တဲ့ရင် တိုင်းပြည်က မတိုးတက်ဘဲ ဖွံ့ဖြိုးမှုအားနည်းသွားပါမယ်။ M ငါးလုံးတောင့်တင်းတဲ့ နိုင်ငံတွေမှာ တိုးတက်ဖွံ့ဖြိုးနေတာကြည့်ပြီး ဒီအရင်းအမြစ်အားလုံး ဘယ်လောက်အရေးပါတယ်ဆိုတာ သိနိုင်မှာဖြစ်ပါတယ်။

**လျော့နည်းလာတဲ့လူသားအရင်းအမြစ်**

ထို M ငါးလုံးမှာမှ ထပ်ပြီးဈေးဆစ်လို့ အရေးကြီးဆုံးသော အရင်းအမြစ်ကို ညွှန်ပြပါဆိုရင် လူသားအရင်းအမြစ်က ပိုအဓိကကျပါတယ်။ အဓိကလူသားအရင်းအမြစ်မှာ စိတ်ဓာတ်၊ အတွေးအခေါ်၊ စဉ်းစားပုံစဉ်းစားနည်းနဲ့ စီမံခန့်ခွဲမှုအရည်အသွေးများ ပါဝင်နေပြန်တယ်။ ယနေ့ခေတ်ကာလကြီးက တစ်ဦးချင်းဖြစ်ဖြစ်၊ နိုင်ငံအလိုက်ဖြစ်ဖြစ် ကြည့်ပါ။ အကျပ်အတည်း ပေါင်းစုံပြည့်နှက်နေပြီး ဘယ်ကဏ္ဍကြည့်ကြည့်၊ လူအင်အား၊ ငွေနဲ့ ပစ္စည်းအင်အားက နေရာတိုင်းမှာ မပြည့်စုံ၊ မလုံလောက်၊ ချို့တဲ့တာများပါတယ်။ ကမ္ဘာ့နည်းတူ မြန်မာနိုင်ငံမှာလည်း အဲဒီအတိုင်းပါပဲ။ ၂၀၂၄ ခုနှစ် နောက်ဆုံးကောက်ခဲ့တဲ့ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေက ၅၁ သန်းကျော်အထိ လျော့ကျသွားပါပြီ။ ဒီ data က နိုင်ငံမှာ လူသားအရင်းအမြစ်ဟာ အတိုင်းအတာတစ်ခုအထိ လျော့နည်းသွားပြီဆိုတာ ပြနေပါတယ်။

လျော့ကျသွားတဲ့ လူဦးရေအခြေအနေကို ထင်ဟပ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ယခုလို လူဦးရေကျဆင်းသွားခြင်းရဲ့ အကြောင်းအချက်အချို့ကိုပြီးခဲ့တဲ့ ပြည်ထောင်စု အဖွဲ့အစည်းအဝေးမှာ ထည့်သွင်းပြောကြားခဲ့တာကို သတိထားမိပါတယ်။ မွေးဖွားနှုန်းကျဆင်းခြင်းအပြင် အကြောင်းအမျိုးမျိုးနဲ့ ပြည်ပနိုင်ငံကို ထွက်ခွာကြတာ၊ အကြောင်းအမျိုးမျိုးနဲ့ သေဆုံးနေတာတွေနဲ့ ပြည်တွင်းလုပ်သားအင်အား ရှားပါးလာတဲ့ပြဿနာကို နိုင်ငံအကြီးအကဲရဲ့ ထောက်ပြမှုကနေ မှတ်သားမိပါတယ်။

နောက်ဆက်တွဲစာရင်းတွေ မထုတ်ပြန်သေးပေမယ့် ယခုလို ထွက်ခွာ/ သေဆုံးမှုမှာ လူငယ်အင်အားက ပိုများနိုင်ကြောင်း တွက်ဆနိုင်တဲ့အတွက် တန်ဖိုးရှိလူသားအရင်းအမြစ် ဆုံးရှုံးမှုကနေ နိုင်ငံအပေါ် အနုတ်သဘောဆောင်တဲ့ သက်ရောက်မှုတွေ နည်းသထက် နည်းအောင် စီမံဆောင်ရွက်ကြရတော့မှာဖြစ်ပါတယ်။ နိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့ အားလျော်စွာ ငွေကြေးခနအင်အားရော အခြေခံအဆောက်အအုံနဲ့ ရုပ်ဝတ္ထုပစ္စည်းပိုင်းမှာပါ ချို့တဲ့ပါတယ်။ ယခုအခါ လူဦးရေတိုးနှုန်းကပါ လျော့ကျလာတယ်ဆိုတော့... နိုင်ငံကို တိုးတက်အောင်၊ ပြည်သူတွေရဲ့လူမှုစီးပွားဘဝများ ကြွယ်ဝချမ်းသာအောင်ဆိုရင် ကျွန်တော်တို့မှာ ရှိနှင့်တဲ့အင်အားနဲ့ များစွာ ကြိုးစားအားထုတ်ရမယ်ဆိုတာ ပြသနေပါတယ်။

**Agro based industry နဲ့ လယ်ယာလုပ်သားဆိုင်ရာ survey တစ်ခု**

ဒါဆိုရင် ဘယ်နေရာမှာ ဘာကို ဘယ်လိုကြိုးစားအကောင်အထည်ဖော်ကြမလဲဆိုတဲ့ မေးခွန်းဖြစ်လာတယ်။ ဒါကိုပဲ နိုင်ငံတော်အကြီးအကဲရဲ့ မိန့်ခွန်းကနေ ပြန်ကောက်နိုင်ပါတယ်။ မိန့်ခွန်းမှာ အကြီးအကဲက စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ စက်မှုလုပ်ငန်း Agro Based Industry ကို ဦးစားပေး မှာကြားခဲ့ပြီး လူသားအရင်းအမြစ်များ လိုအပ်ချက်ရှိနေမှုကို ထပ်တလဲလဲ မှာကြားသွားခဲ့တာကို သတိထားမိပါတယ်။ နိုင်ငံရဲ့ အဓိကအားထားရာနယ်ပယ်က စိုက်ပျိုးမွေးမြူရေးဖြစ်တဲ့အတွက် စိုက်ပျိုးရေးနဲ့ လူသားအရင်းအမြစ်ဆက်စပ်မှုကို ကျွန်တော်တို့ အလေးထားဖော်ထုတ်ရမှာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဌာနမှာတာဝန်ထမ်းဆောင်နေပြီး စီးပွားရေးတက္ကသိုလ်တစ်ခုမှာ ဖွံ့ဖြိုးမှုမဟာဘွဲ့ယူမယ့် ဝန်ထမ်းတစ်ဦးရဲ့ တင်သွင်းခဲ့တဲ့ သုတေသနစာတမ်းတစ်ခုကနေ တွေ့ရှိချက်နဲ့ သုံးသပ်ချက်များကို တင်ပြလိုပါတယ်။ ထိုဝန်ထမ်းက မကွေးတိုင်းဒေသကြီး နယ်မြို့တစ်မြို့တည်းက ရွာသုံးရွာမှာ စပါးစိုက်လယ်သမားရှားပါးလာတဲ့ အခြေအနေကို အရင်းခံပြီး လယ်သမား ၁၈၀ ကို Survey တစ်ခုပြုလုပ်ခဲ့ပါတယ်။

ဖော်ထုတ်ချင်တာက လယ်သမားရှားပါးရခြင်း အကြောင်းများစွာထဲက အဓိကအကြောင်းရင်းနဲ့ အကျိုးဆက်တွေကို ဖော်ထုတ်နိုင်ဖို့ပါပဲ။ စစ်တမ်းအရ လယ်ယာလုပ်ငန်းကရတဲ့ အမြတ်ကနည်းပြီး ဝင်ငွေမလုံလောက်လို့၊ ဝင်ငွေပုံမှန်မရလို့၊ ပင်ပန်းဆင်းရဲလို့၊ စိုက်ပျိုးရေမလုံလောက်လို့၊ ရာသီဥတုမမှန်လို့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ပစ္စည်း စတဲ့သွင်းအားစုတန်ဖိုးတွေ ဈေးမြင့်တက်လာလို့၊ နယ်မြေအခြေအနေ မတည်ငြိမ်လို့ စတဲ့ မူလအကြောင်းတရားများကနေ မိမိဘိုးဘွားပိုင်လယ်လုပ်ငန်းမှာ စိတ်မဝင်စားကြတော့ဘဲ လယ်လုပ်ငန်းကို စွန့်ခွာကြပြီး မြို့ပြပုဂ္ဂလိကလုပ်ငန်းတွေ၊ အစိုးရလုပ်ငန်းတွေမှာ ဝင်လုပ်ကြ၊ နိုင်ငံခြားထွက်ကြ စတဲ့အဓိကကျတဲ့ အကြောင်းရင်းတွေကို လယ်သမားတွေရဲ့ ပြောဆိုချက်များကနေ ဖော်ထုတ်ရရှိခဲ့ပါတယ်။

နောက်ဆက်တွဲ ဆိုးကျိုးများအနေနဲ့လည်း လယ်သမားတစ်ဦးချင်း ဝင်ငွေနည်းသထက် နည်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာပါ သက်ရောက်မှုများရှိလာနိုင်ကြောင်း ဖွင့်ဟကြပါတယ်။ တွေ့ရှိချက်ကနေ ထိုဝန်ထမ်းရဲ့စာတမ်းမှာ မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်များကိုပါ တင်ပြခဲ့တာတွေ့ရပါတယ်။ စိုက်နည်းစနစ်၊ စိုက်ပျိုးရေ လိုအပ်ချက်နဲ့ အတူ နေရာင်ခြည်စွမ်းအင်နဲ့ ဆိုလာစနစ်တွေအပိုင်း၊ သွင်းအားစုအပိုင်း၊ သုတေသနများများလုပ် လယ်သမားတွေကို သင်တန်းပေးပြီး ကျွမ်းကျင်လယ်ယာလုပ်သားတွေ ထွက်ပေါ်လာဖို့ အကြံပြုချက်များ ပါဝင်ခဲ့ပါတယ်။

**တွန်းအားနဲ့ဆွဲအား အကြောင်းတရားများ**

ဘာကိုပြောချင်တာလဲဆိုတော့ ကျွန်တော်တို့မြန်မာတွေအားထားရာ စပါးစိုက်ပျိုးရေးမှာ လယ်ယာလုပ်ငန်းခွင်ကို စွန့်ခွာသွားကြတဲ့အတွက် လူသားအရင်းအမြစ်မှာ အတိုင်းအတာတစ်ခုအထိ ဆုံးရှုံးနေတာကို တွေ့မြင်ရတဲ့အချက်ပါ။ တွေ့ရှိခဲ့တဲ့အကြောင်းရင်းတွေကိုပဲ ထပ်မံခွဲခြမ်းစိတ်ဖြာလိုက်ရင် လယ်ယာလုပ်ငန်းခွင်က လူသားအရင်းအမြစ်ဆုံးရှုံးမှု အကြောင်းတရားများဟာ အခြားသော နယ်ပယ်များက လူသားအရင်းအမြစ်ကို ထင်ဟပ်နိုင်တဲ့အချက်များကို တွေ့ရတယ်။

**ဝင်ငွေနည်းတာ၊ ပံ့ပိုးမှုပိုင်းအားနည်းတာ စတဲ့အချက်တွေဟာ အခြားသော ကဏ္ဍတွေမှာရော ရှိနိုင်ပါသလား မေးစရာဖြစ်ပါတယ်။ နောက်တစ်ခုက နယ်မြေအခြေအနေ မတည်ငြိမ်မှုက ဒေသခံတွေရဲ့ လုပ်ငန်းခွင်လုံခြုံမှုကို ထိခိုက်စေတယ်ဆိုတဲ့ အကြောင်းအချက်ပါ။ သူတို့ရဲ့အနာဂတ် အခွင့်အလမ်းနဲ့ မျှော်လင့်ချက်တွေအတွက် အာမခံချက်မရှိတဲ့ အခြေအနေမျိုးအထိ ရောက်လာရင် လူတွေက သူတို့လုပ်ငန်းခွင်ကို အလွယ်တကူ စွန့်ခွာသွားနိုင်ပါတယ်။ စွန့်ခွာခဲ့ရင်ရော သူတို့ဘယ်နေရာဆီသွားကြမလဲ၊ လက်ရှိအခြေအနေထက် သာမယ်ထင်ရတဲ့ မြို့ပြက ပုဂ္ဂလိက နိုင်ငံဝန်ထမ်းအလုပ်တွေနဲ့ နိုင်ငံခြားကလုပ်ငန်းတွေဆီ ရောက်သွားမှာပဲ။ အဓိကအချက်က ဝင်ငွေကောင်းတဲ့နေရာ ပိုလုံခြုံတဲ့နေရာ၊ ဘဝအာမခံချက်ပိုရှိမယ့်နေရာရယ်လို့ သူတို့ယူဆတဲ့နေရာအားလုံး ဖြစ်နိုင်ပါတယ်။**

ထပ်ပြီး ခွဲခြမ်းစိတ်ဖြာရင် အကြောင်းတရားများမှာ တွန်းအားအကြောင်းတရားများ Push factors နဲ့ ဆွဲအားအကြောင်းတရားများ Pull factors ရယ်လို့ ခွဲခြားနိုင်ပါသေးတယ်။ ဝင်ငွေနည်းလို့ စားဝတ်နေရေးပြေလည်အောင်ဆိုတဲ့ အကြောင်းပြချက်မျိုးက Push ဖြစ်ပြီး သူတို့တွေအတွက် ဘဝအာမခံချက်ရှိပြီး မက်လုံးကောင်းကောင်းနဲ့ ဆွဲဆောင်မှုမျိုးက Pull factors ဖြစ်မှာပါ။ ဒီအကြောင်းပြချက်နှစ်မျိုးက လူငယ်တွေရဲ့ လက်ရှိနဲ့ အနာဂတ်အခွင့်အလမ်းတွေအပေါ် လွှမ်းမိုးနေတဲ့အတွက် မူဝါဒချမှတ်သူတွေ စီမံခန့်ခွဲသူတွေအနေနဲ့ Push factors ကို နည်းအောင်နဲ့ Pull factors ကို များလာအောင် လုပ်ပေးနိုင်ခြင်းက လူသားအရင်းအမြစ်စီမံခန့်ခွဲမှုမှာ များစွာထိရောက်စေမှာဖြစ်ပါတယ်။

**စွမ်းရည်ရှိပြီး ထိရောက်အောင်မြင်ဖို့**

လူသားအရင်းအမြစ်လည်း နည်းလာတယ်၊ ငွေကြေးခနနဲ့ ပစ္စည်းအင်အားမှာလည်း အကန့်အသတ်ရှိနေတယ် ဆိုပါစို့။ လက်ရှိမှာလည်း နေရာတိုင်း၊ နယ်ပယ်တိုင်းမှာ အကန့်အသတ်နဲ့သာ လုပ်နေကြရတာဖြစ်တယ်။ ဒီအရင်းအမြစ်အားလုံး

စာမျက်နှာ ၇ သို့

❑ **လူသားအရင်းအမြစ်လည်း နည်းလာတယ်၊ ငွေကြေးခနနဲ့ ပစ္စည်းအင်အားမှာလည်း အကန့်အသတ်ရှိနေတယ် ဆိုပါစို့။ လက်ရှိမှာလည်း နေရာတိုင်း၊ နယ်ပယ်တိုင်းမှာ အကန့်အသတ်နဲ့သာ လုပ်နေကြရတာဖြစ်တယ်။ ဒီအရင်းအမြစ်အားလုံး ပြည့်ပြည့်စုံစုံနဲ့ လုံလောက်တယ်ဆိုတာ ရှိတော့ရှိတယ်၊ ရှားလှပါတယ်။ လူ၊ ငွေကြေး၊ ပစ္စည်းအင်အား ချမ်းသာတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေတောင်မှ လူအင်အားအနည်းဆုံး ငွေကြေးရင်းနှီးမြှုပ်နှံမှုအနည်းဆုံးနဲ့ ပစ္စည်းသုံးစွဲရမှု နည်းနိုင်သမျှ အနည်းဆုံးစိုက်ထုတ်ပြီးမှ အမြတ်များများရအောင် လုပ်ကြတာပါ။ (Efficient ဖြစ်စွာနဲ့ Effective ဖြစ်အောင်လုပ်ကြခြင်း)။ အကန့်အသတ်များအောက်မှာ ဒီလိုဖြစ်လာဖို့ဆိုရင် စီမံခန့်ခွဲမှုနဲ့ အလုပ်လုပ်သူတွေရဲ့ စိတ်နေသဘောသဘာဝက အရေးကြီးလာပါပြီ။ ပေးထားတဲ့ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် လူ၊ ငွေကြေး၊ ပစ္စည်းချို့တဲ့တဲ့ အနေအထားမှာ အကောင်းဆုံးသောစီမံခန့်ခွဲမှုနဲ့ မြင့်မြင့်မားမား စိတ်ဓာတ်ကောင်းတွေရှိဖို့ လိုအပ်ပါတယ်။ လုပ်သားတွေ စိတ်ဓာတ်ကောင်းကောင်းနဲ့ သူတို့အပေါ် စီမံခန့်ခွဲမှုကောင်းမှသာ ချို့တဲ့နေတဲ့အရင်းအမြစ်နေရာကို ထိန်းညှိနိုင်မှာဖြစ်ပြီး လုပ်ငန်းတွေလည်း အောင်မြင်လာမှာဖြစ်ပါတယ်**



## ဘားအံတက္ကသိုလ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေး အထောက်အကူပြုသိကောင်းစရာများ ဆွေးနွေး

**ဘားအံ ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက်တန်းဆင့် သင် ဆရာ ဆရာမများနှင့်တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အခြေခံပညာကျောင်းသားလူငယ်များ အဆင့်မြင့်ပညာ၊ သက်မွေးပညာရပ်များတစ်ဆင့် မြင့်တက်ရောက်သင်ကြားနိုင်ရေး ကြိုးစားအားထုတ်ရမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် သိကောင်းစရာများကိုတက္ကသိုလ်များမှလာရောက်ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ မိမိတို့တပည့်များအတွက် ဆွေးနွေးပွဲသို့လာရောက်ကြသည့် ပြည်နယ်အတွင်းရှိ ဆရာ ဆရာမများအနေဖြင့်လည်း တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ကြိုးစားသင်ကြားပေးကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်ချက်မြင့်မားရေးဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပွဲအတွက် ငွေကျပ် ၉၀၈၇၅၀၀ ကို ချီးမြှင့်ပေးအပ်ပြီး ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးနှင့် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစသိန်းကျော်တို့က ဆွေးနွေးပွဲအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် တက္ကသိုလ်ဝင်တန်းဘာသာရပ်ကိုးခုအတွက် မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခများက အခြေခံပညာကျောင်းများမှ Grade- 12 သင် ဆရာ ဆရာမ ၈၁၀ တို့အား ဆွေးနွေးပို့ချပေးကာ ဖေဖော်ဝါရီ ၂ ရက်တွင် ဘားအံတက္ကသိုလ်မှ ပါမောက္ခ၊ ကထိကများက ဘာသာရပ် ကိုးခုအတွက်ကျောင်းသား ကျောင်းသူ ၁၆၅၆ ဦးတို့အား ဆက်လက်ဆွေးနွေးပို့ချပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်တွင် ကျင်းပမည့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်မည့် ကရင်ပြည်နယ်ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့က ဖျော်ဖြေတင်ဆက်ကပြသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် ညပိုင်းတွင် ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့အား ငွေကျပ် သိန်း ၂၀ ကို ချီးမြှင့်ပေးအပ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

## စစ်တွေမြို့ရှိ ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**စစ်တွေ ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဝန်ထမ်းများအား ယနေ့နံနက်ပိုင်းက အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်း သက်သာစွာ ရောင်းချပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော် ဓာတ်စေတီတော်မြတ်အား သွားရောက် ဖူးမြော်ကာ စေတီတော်မမွာရုံ၌ လက်ဝဲသလုံးတော်ဓာတ် စေတီတော်မြတ်အား ထီးတော်တင် လှူနိုင်ရန်နှင့် ဘက်စုံပြုပြင် မွမ်းမံနိုင်ရန်အတွက် စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စေတီတော်အနီး ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြပြီး ကန်တော်ကြီး၌ ဇီဝိတဒါန ငါးလွှတ်ကုသိုလ် ပြုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်အောင်ဇေယျာသုခမင်္ဂလာ စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရန် အလှူငွေလှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှု အားပေးပြီး ဈေးဝယ်နေကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ပြည်နယ် ဝန်ကြီးချုပ်က အခြေခံစားကုန်များနှင့် သား၊ ငါးများပြတ်လပ်မှု မရှိစေရေးနှင့် ဈေးနှုန်းမြင့်တင် ရောင်းချခြင်း မရှိစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ကလောမြို့နယ် ပေါပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**ကလော ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ပေါပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အသင်းသား အသင်းသူ ၃၀ အား ငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

*စာမျက်နှာ ၆ မှ*

**ပြည့်ပြည့်စုံစုံနဲ့ လုံလောက်တယ်ဆိုတာ ရှိတော့ရှိတယ်၊ ရှားလှပါတယ်။ လူ၊ ငွေကြေး၊ ပစ္စည်း အင်အားချမ်းသာတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေတောင်မှ လူအင်အားအနည်းဆုံး ငွေကြေးရင်းနှီးမြှုပ်နှံမှုအနည်းဆုံးနဲ့ ပစ္စည်းသုံးစွဲရမှု နည်းနိုင်သမျှ အနည်းဆုံးစိုက်ထုတ်ပြီးမှ အမြတ်များများရအောင် လုပ်ကြတာပါ။ (Efficient ဖြစ်စွာနဲ့ Effective ဖြစ်အောင် လုပ်ကြခြင်း)။ အကန့်အသတ်များအောက်မှာ ဒီလိုဖြစ်လာဖို့ဆိုရင် စီမံခန့်ခွဲမှုနဲ့ အလုပ်လုပ်သူတွေရဲ့ စိတ်နေသဘော သဘာဝက အရေးကြီးလာပါပြီ။ ပေးထားတဲ့ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် လူ၊ ငွေကြေး၊ ပစ္စည်းချို့တဲ့တဲ့ အနေအထားမှာ အကောင်းဆုံးသော စီမံ ခန့်ခွဲမှုနဲ့ မြင့်မြင့်မားမား စိတ်ဓာတ်ကောင်းတွေရှိဖို့ လိုအပ်ပါတယ်။ လုပ်သားတွေ စိတ်ဓာတ်ကောင်းကောင်းနဲ့ သူတို့အပေါ် စီမံခန့်ခွဲမှုကောင်းမှသာ ချို့တဲ့နေတဲ့ အရင်းအမြစ်နေရာကို ထိန်းညှိနိုင်မှာဖြစ်ပြီး လုပ်ငန်းတွေလည်း အောင်မြင်လာမှာ ဖြစ်ပါတယ်။**

### စိတ်ပိုင်း ရုပ်ပိုင်းကျန်းမာပြီး လုပ်ချင်ကိုင်ချင်စိတ်ရှိအောင်

လူသားအရင်းအမြစ်နဲ့ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ မကြာခဏ မှာကြားချက်တွေမှာ နိုင်ငံမှာ ပညာတတ်၊ ပညာရှင်အမြောက်အမြား မွေးထုတ်ရမှာဖြစ်ပြီး စိတ်ပိုင်း၊ ရုပ်ပိုင်း ကျန်းမာသန်စွမ်းတဲ့ ပညာရှင်များနဲ့သာ လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း ထောက်ပြချက်ကို အလေးထားမိပါတယ်။ ပညာ၊ ကျန်းမာနဲ့ တည်ဆောက်ပြီးသား လူ့အရင်းအမြစ်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမယ့်တာဝန်လည်း ရှိပါတယ်။ ဒါမှလည်း အိတ်ပေါက်နဲ့ ဖားကောက်သလိုမဖြစ်ဘဲ ရှိပြီးသား လူသားအရင်းအမြစ်ကို ကာကွယ်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုထိန်းသိမ်းကြရာမှာ လူတွေရဲ့အချို့စိတ်ပိုင်းဆိုင်ရာတွေကို လျစ်လျူမရှုသင့်ပါဘူး။ အဓိကအချက်က အလုပ်အပေါ်မှာ စေတနာထားပြီး သစ္စာရှိရှိ၊ ကြိုးကြိုးစားစားနဲ့ လုပ်ချင်ကိုင်ချင်စိတ်ရှိဖို့နဲ့ တွန်းအားပေးဖို့ပါပဲ။ လုပ်ချင်ကိုင်ချင်စိတ်ကို မပျိုးထောင်ခင် အပြောင်းအလဲမြန်ဆန်တဲ့ လက်ရှိအခြေအနေမှန်ကို နားလည်လက်ခံအောင်လည်း စည်းရုံးထားသင့်တယ်လို့ယူဆပါတယ်။ ဒီဘက်ခေတ်တွေမှာ အပြောင်းအလဲကို လက်ခံ နိုင်စွမ်းရှိခြင်းကိုလည်း အရည်အချင်းတစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။ အထူးသဖြင့် ခေါင်းဆောင်မှုအပိုင်းမှာပါ။

**အကျပ်အတည်းတွေ၊ ဖိစီးမှုတွေအောက်မှာ Motivation ဆိုတဲ့ လှုံ့ဆော်မှုနဲ့ သူတို့ရဲ့ တန်ဖိုးကို အသိအမှတ်ပြုခြင်း၊ ချီးကျူးဂုဏ်ပြုခြင်း၊ လုပ်ငန်းရည်မှန်းချက်နဲ့ မိမိတို့ ဘဝရည်မှန်းချက်တွေဟာ တစ်သားတည်းဖြစ်ကြောင်း ခံယူချက်မှန်အောင် လှုံ့ဆော်ပေးခြင်းအားဖြင့် ဝန်ထမ်းတွေဟာ အလုပ်လုပ်ရာမှာ စေတနာပါပြီး သစ္စာရှိလာကြမယ်၊ တက်တက်ကြွကြွရှိလာကြမှာ ဖြစ်ပါတယ်။ စိတ်အားထက်သန်ခြင်းဟာ လုပ်ငန်းအောင်မြင်ရေးမှာ အလွန်အရေးကြီးတဲ့အတွက်ပါ။**

ငွေကြေးအရ အထောက်အကူမပြုနိုင်ရင်တောင်-ဥပမာ သင်တန်းတက်ခွင့်ပေးမယ်၊ သူတို့ဘဝမှာ နောက်ထပ်ပညာတိုးလာမယ်၊ အသိတိုးမယ်၊ အတွေ့အကြုံရပြီး ကျွမ်းကျင်အဆင့်တွေဖြစ်လာမယ်၊ လူမှန်နေရာမှန်နဲ့ လုပ်ငန်းခွင်နေပျော်ပြီး တစ်နည်းနည်းနဲ့ ဘဝလုံခြုံမှုရှိနေတယ်လို့ ခံစားရရင်ကို လူ့စွမ်းအားအရင်းအမြစ်ကို မပြုန်းတီးအောင် ကာကွယ်ထားနိုင်မှာဖြစ်ပါတယ်။ ဒီအချက်တွေဟာ ဝန်ထမ်းလုပ်သားတွေရဲ့လုပ်ရည်ကိုင်ရည်နဲ့ စွမ်းဆောင်မှုကိုတိုးစေတဲ့ လူသားဆန်တဲ့ စီမံခန့်ခွဲမှုပုံစံပါပဲ။

ဒီဆောင်းပါးမှာ လူ့စွမ်းအားအရင်းအမြစ်တစ်ခုရဲ့ အရေးကြီးပုံနဲ့တကွ အရေအတွက်အားဖြင့် လျော့နည်းလာတဲ့ အရင်းအမြစ်တွေကို အရည်အသွေးရှိတဲ့ လူ့စွမ်းအားတွေအဖြစ်နဲ့ စွမ်းရည်မြင့်မားလာအောင် စိတ်ဓာတ်၊ စီမံခန့်ခွဲမှုတို့နဲ့ တည်ဆောက်နိုင်ပုံကို နိုင်ငံအကြီးအကဲရဲ့ လမ်းညွှန်ချက်များနဲ့ထင်ဟပ်ပြီး တင်ပြခဲ့ပါတယ်။

ရှားပါးလာတဲ့ လူ့စွမ်းအားအရင်းအမြစ်နဲ့ ငွေကြေးပစ္စည်းဥစ္စာတွေကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာတော့ အခြေအနေ၊ အချိန်အခါ၊ နေရာဒေသကိုကြည့်ပြီး စီမံရမှာပါ။ နောက်ဆုံးတော့ M ငါးခုပါပဲ။ ဒီအင်အား၊ ဒီစွမ်းရည်တွေနဲ့ပဲ အရေအတွက်ကနေ အရည်အသွေးရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်နိုင်မှာဖြစ်တယ်လို့ ယုံကြည်ထားပါတယ်။ ။

# နိုင်ငံတော်မှာ သိသာစွာ အားကောင်းဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့ MSME လုပ်ငန်းတွေရဲ့ အရှိန်အဟုန်မြှင့်တင်ဖို့အတွက် ဒစ်ဂျစ်တယ်နည်းပညာအခင်းအကျင်းတွေကို ဖန်တီးအသုံးချပြီး လုပ်ငန်းတွေ မြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်လာပြီဖြစ်

**(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**



ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် **Digital Corner ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍** သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ရပါသည်–

**မေး ။ ။ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှာ Digital Corner ဆောင်ရွက်ထားရှိမှုနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ပြခန်းပေါင်း ၉၉ ခန်းရှိတဲ့အနက် ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းအမှတ် ၆ နဲ့ ၂၇ တို့မှာ ပြသသွားဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြခန်း ၂၇ မှာ Digital Corner (ဒစ်ဂျစ်တယ်ကော်နာ) ဆိုပြီး MSME ဖွံ့ဖြိုးတိုးတက်ဖို့ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချဆောင်ရွက်မှုဆိုင်ရာပြကွက် ၁၆ ခုကို Naypyitaw State Polytechnic University အပါအဝင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်က တက္ကသိုလ်ကိုးခုက ဆရာနဲ့ ကျောင်းသား ၃၆ ဦးက ပြသကြမှာဖြစ်ပါတယ်။

ဒီပြကွက် ၁၆ ခုမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကနေ ထုတ်ကုန်၊ ပို့ကုန်များဆိုင်ရာ (Smart Agriculture) ပြကွက်သုံးခု၊ ဒစ်ဂျစ်တယ်ကူးသန်းရောင်းဝယ်မှုဆိုင်ရာ (e-Commerce) ပြကွက် သုံးခု၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဆိုင်ရာ (e-Service) ပြကွက် ငါးခုနဲ့ MSME ကဏ္ဍကို ခြုံငုံတဲ့ ပြကွက် ငါးခုတို့ ပါဝင်ပြီး ဉာဏ်ရည်တုနည်းပညာ(AI) အပါအဝင် ထွန်းသစ်စ ဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးပြုထားတဲ့ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှု (Digital Innovation) တွေနဲ့ လေ့လာကြည့်ရှုသူတွေရင်ထဲ တစ်ခါတည်းစွဲသွားအောင် အသိပညာပေး ပြသသွားမှာ ဖြစ်ပါတယ်။




**မေး ။ ။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲမှာ ဆုတွေကို Online Payment နဲ့ ချီးမြှင့်မယ်လို့ သိရပါတယ်။ ဘယ်လို ပေးအပ်ချီးမြှင့်သွားမယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုကျင်းပတဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားမှာ ဆုရရှိကြတဲ့ အသေးစား၊ အလတ်စားနဲ့ အငယ်စားစီးပွားရေးလုပ်ငန်းဆုတွေ၊ One Region One Product (OROP)၊ သမဝါယမထုတ်ကုန်၊ စားသောက်ကုန် စတဲ့ ဆုခြောက်မျိုးအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် သိန်း၇၅၀ ချီးမြှင့်ပေးအပ်ရာမှာ သမားရိုးကျ ငွေစက္ကူတွေကို ပေးအပ်မယ့်အစား လမ်းညွှန်မှုအရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အနေနဲ့ Digital Payment ကနေတစ်ဆင့် ဆုတွေကို ပေးအပ်နိုင်ဖို့အတွက် နည်းပညာပံ့ပိုး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆုရရှိသူအနေနဲ့ အရင်လို ငွေသားတွေကို လက်ခံရခြင်းမျိုးမဟုတ်ဘဲ Digital Payment Application ကနေ လက်ခံရရှိသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ နည်းပညာခေတ်ဖြစ်တဲ့အတွက် MSME လုပ်ငန်း ဖွံ့ဖြိုးစေဖို့ AI နဲ့ ပတ်သက်ပြီး ပြသမယ့် အစီအစဉ်တွေရှိရင်လည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ဒီနေ့ နည်းပညာခေတ်မှာ လူသားတွေရဲ့ နေ့စဉ်ဘဝကိစ္စအဝဝ လှုပ်ရှားဆောင်ရွက်မှုတွေမှာဖြစ်စေ၊ ဌာနနဲ့အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာဖြစ်စေ ဒစ်ဂျစ်တယ်လွှမ်းမိုးမှုက သိသာကြီးမားစွာ သက်ရောက်မှုတွေရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်း ဆောင်ရွက်မှုတွေနဲ့အတူ ဉာဏ်ရည်တုနည်းပညာ(AI) အပါအဝင် ထွန်းသစ်စနည်းပညာတွေရဲ့ တိုးတက်နေတဲ့ အရွေ့နှုန်းနဲ့အတူ လိုက်ပါအသုံးချနိုင်မှုကလည်း ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍကို စိုးမိုးလာနိုင်တာတွေ တွေ့ရပါတယ်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် MSME ဖွံ့ဖြိုးတိုးတက်မှုက အခရာကျလှပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာ သိသာစွာ အားကောင်းဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့ MSME လုပ်ငန်းတွေရဲ့ အရှိန်အဟုန်မြှင့်တင်ဖို့အတွက် ဒစ်ဂျစ်တယ်နည်းပညာအခင်းအကျင်းတွေကို ဖန်တီးအသုံးချပြီး လုပ်ငန်းတွေ မြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကော်နာပြခန်းမှာတော့ အမျိုးမျိုးသော MSME အကျိုးပြုဉာဏ်ရည်တုနည်းပညာ (AI) အသုံးချပရိုဂရမ်တွေကို အသုံးပြုသွားမယ်။ ဒီလိုအသုံးပြုရင် MSME လုပ်ငန်းတွေကို ဘယ်လိုအကျိုးပြုနိုင်မယ်ဆိုတာ လက်တွေ့ပြသသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်း MSME လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး AI မော်ဒယ်ရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ အကူအညီကို ပြည့်ဝစွာ အသုံးပြုနိုင်ဖို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စံသတ်မှတ်ထားတဲ့ စာရင်းဇယားတွေ လိုအပ်ခြင်း၊ တိကျမှန်ကန်တဲ့ အချက်အလက်တွေကို ဒစ်ဂျစ်တယ်အသွင်နဲ့ ပုံမှန်ဖြည့်သွင်းဖို့လိုအပ်ခြင်း စတာတွေကို လက်တွေ့ပြသသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ MSME လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ရေရှည်ဖြစ်ပေါ်လာမှုအခြေအနေတွေကို AI မော်ဒယ်တွေရဲ့ အကူအညီနဲ့ ခန့်မှန်းတွက်ချက်နိုင်မှုကိုလည်း လက်တွေ့ပြသသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဒစ်ဂျစ်တယ်ကော်နာပြခန်းမှာ အများပြည်သူစိတ်ဝင်စားဖို့ ထူးထူးခြားခြား ဆောင်ရွက်မယ့် အစီအစဉ်တွေရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး တစ်တပ်တစ်အားဖြစ်စေမယ့် စွန့်ဦးတီထွင် MSME လုပ်ငန်းရှင်တွေ ပေါ်ထွန်းလာစေဖို့ ဒစ်ဂျစ်တယ်ကော်နာမှာ ထွန်းသစ်စနည်းပညာတွေကို အသုံးပြုပြီး ပြသသွားမှာ ဖြစ်ပါတယ်။

Digital Corner ပြခန်းမှာ လာရောက်တဲ့ ပြည်သူတွေအနေနဲ့ MSME နဲ့ ဆက်စပ်ပြီး သိလိုတာတွေရှိရင်ဖြစ်ဖြစ်၊ လက်ရှိ MSME ဆောင်ရွက်နေသူတွေအတွက် အခက်အခဲတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေနဲ့ပဲဖြစ်ဖြစ် မေးမြန်းသိရှိနိုင်မယ့် ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြု Chat Bot မော်ဒယ်စနစ်ကိုလည်း ထည့်သွင်းပြသသွားမှာ ဖြစ်ပါတယ်။

ပြီးတော့ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ပုဂ္ဂလိကသို့ နည်းပညာလွှဲပြောင်းဆောင်ရွက်မှု (Technology Transfer)တွေ၊ နည်းပညာလွှဲပြောင်းပြီးတဲ့ စားသောက်ကုန်၊ လူသုံးကုန်နဲ့ ပတ်သက်တဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ အစားအသောက် စမ်းသပ်စစ်ဆေးတဲ့ စက်ကိရိယာတွေ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ သုတေသနပြကွက်တွေ၊ စံချိန်စံညွှန်းနဲ့ ပတ်သက်တဲ့ အသိပညာတွေ ဖြန့်ဝေရေးအတွက် စာအုပ်တွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့အတွက် အဓိကမောင်းနှင်အားဖြစ်တဲ့ MSME ဖွံ့ဖြိုးတိုးတက်လာစေဖို့ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးမြေပုံ ၂၀၃၀ ပါ မဟာဗျူဟာမျှော်မှန်းချက်နဲ့ မဟာဗျူဟာရည်မှန်းချက်တွေ အောင်မြင်ပြည့်မီအောင် ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ မဟာဗျူဟာမဏ္ဍိုင်တွေအလိုက် ဆောင်ရွက်ထားရှိမှုတွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကော်နာပြခန်းကို လာရောက်လေ့လာကြည့်ရှုခြင်းဖြင့် ထွန်းသစ်စ ဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးချပြီး MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုဆောင်ရွက်နိုင်တယ်ဆိုတာကို သိရှိသွားမယ့်အပြင် နည်းပညာပိုင်းလွှဲပြောင်းပံ့ပိုးပေးဖို့ ချိတ်ဆက်ဆောင်ရွက်မှု စတဲ့အကျိုးကျေးဇူးတွေကို ရရှိမှာ ဖြစ်ပါတယ်။

**မေး ။ ။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်က ဖိတ်ကြားရေး ဆပ်ကော်မတီမှာ ဥက္ကဋ္ဌတာဝန်ယူထားရတာဖြစ်လို့ ပြည်သူတွေ လာရောက်လေ့လာကြည့်ရှုကြပါလို့ ဖိတ်ခေါ်လိုပါတယ်။ လာရောက်ကြည့်ရှုကြတဲ့ သူတွေအနေနဲ့လည်း ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်ကော်နာအပါအဝင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲရဲ့ ပြခန်းပေါင်း ၉၉ ခန်းကနေ တွေ့မြင်သိရှိလိုက်တဲ့ MSME ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာဗဟုသုတတွေကို လုပ်ငန်းခွင်တွေ ပြန်ရောက်တဲ့အခါမှာ လုပ်ဖော်ကိုင်ဖက်တွေကို ပြန်လည်မျှဝေဖြန့်ဖြူးပေးကြပါ။ မိမိတို့ရဲ့ လုပ်ငန်းတွေ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ ဆက်လက်အသုံးချ ဆောင်ရွက်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

အခုလို ပြည်ထောင်စုအဆင့် ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကို ကျင်းပပြုလုပ်ခြင်းဖြင့် ဒေသအသီးသီးက ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ပြသခွင့်ရရှိတဲ့အတွက် စီးပွားရေးချိတ်ဆက်မှု (Business Engagement)နဲ့ Supply Chain ကို ပိုမိုအားကောင်းစေနိုင်တဲ့အပြင် ဆန်းသစ်တီထွင်ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှုတွေကနေတစ်ဆင့် ဒေသထွက်တန်ဖိုးမြှင့်ထုတ်ကုန်တွေကို အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ ပြည်တွင်းဖူလုံစွာ ထုတ်လုပ်နိုင်မှုမှသည် နိုင်ငံတကာဈေးကွက်အထိပါ ထိုးဖောက်နေရာယူနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံခြားကို တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးရည်မှန်းမှန်းချက်နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးတို့ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မှာ ဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME တင်မက အခြားကဏ္ဍများစွာကို အထောက်အကူပြုနိုင်မယ့် သိပ္ပံနဲ့နည်းပညာ၊ အင်ဂျင်နီယာပညာရပ်တွေကို သုတေသနပြုလုပ်ခြင်း၊ အရည်အသွေးပြည့်မီတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပြုစုပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာလိုအပ်ချက်တွေရှိရင်လည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း–ဝင်းဝင်းမင်း**
**ဓာတ်ပုံ–ကိုကြီးထိန်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တနင်္သာရီကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။









အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ အခြေပြု၍ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၆ ဦး၊ ခွဲစိတ်ရောဂါ ၅၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၄ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၁၀၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါ ၂၁၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ၃၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ ၃၅ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့အပြင် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ ခွဲစိတ်ပါရဂူ၊ ကလေးပါရဂူ၊ မေ့ဆေးပါရဂူနှင့်အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ ဟိုင်းကြီးကျွန်းမြို့နယ် မောင်ပါကျေးရွာနေ ဦးမောင်မောင်ကြည်၏ ဇနီးဖြစ်သူ ဒေါ်နှင်းနှင်းအေး ကို မွန်းလွဲ ၂ နာရီ ၃၂ မိနစ်တွင် ၆ ပေါင် ၃ အောင်စရှိ သမီးတစ်ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ပေးအပ်သည့် ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်သည်။ အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သမိုင်းမှတ်တမ်းတွင် ၂၂ ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-







"ကျွန်တော်က ခန္ဓာကိုယ် အဆီကြိတ်တွေကိုလာပြတာပါ။ ဒီမှာ ပါရဂူတွေကိုယ်တိုင်လာပြီး ထိထိရောက်ရောက် ကုသပေးတဲ့အတွက် ကျွန်တော်တို့အားလုံးအဆင်ပြေကြပါတယ်။ ရောဂါကြီးသမားတွေ၊ အထွေထွေရောဂါပြသသူတွေ အဝေးမသွားရဘဲ ဒီမှာတင် ပြသကုသခွင့်ရတဲ့အတွက် အားလုံးအဆင်ပြေချောမွေ့ပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေ၊ ဆရာ ဆရာမတွေအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု လာရောက်ပြသသူတစ်ဦးက ပြောကြားသည်။

ထို့အတူ "ကျွန်မက မရမ်းကွင်းကပါ။ မျက်စိလာပြတာဖြစ်ပါတယ်။ ဆရာဝန်က ပုသိမ်သွားပြီး မျက်မှန်လုပ်ဖို့ ပြောပါတယ်၊ အရင်ကလည်းမျက်စိပြဖူးပါတယ်။ အခုတော်တော် အဆင်ပြေသွားပါပြီ။ မျက်စိလည်း အရင်ထက်ကြည့်ရတာ ပိုကောင်းသွားတယ်။ ဆေးအဖွဲ့ကို အထူးကျေးဇူးတင်ပါတယ် ။ ဒီမှာထမင်းလည်းကျွေးတယ်။ ကားခကအစ ထုတ်ပေးပြီး အကုန်စရိတ်ငြိမ်း ကုသပေးတာပါ။ ဒါကြောင့်မို့ ကျွန်မတို့က ကျေးဇူးတင်ပါတယ်။ ဆေးသင်္ဘောလာမယ်ဆိုတာကို သက်ဆိုင်ရာက ဖုန်းဆက်ပြီး ပြောပြပါတယ်။ ဆရာဝန်တွေ၊ ပါရဂူတွေရောက်မယ်လို့ဆိုပြီး လာပြတာ မနေ့ကလာသေးတယ် သင်္ဘောက မရောက်သေးလို့ ဒီနေ့ထပ်လာပြတာပါ။ သင်္ဘောဆိုက်တော့ ကားနဲ့ အလကား လာကြိုပေးတယ်။ ထမင်းကျွေးတဲ့သူတွေရော လာကုသပေးကြတဲ့ ဆရာဝန်တွေရော ဆရာ ဆရာမတွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်" ဟု မျက်စိဝေဒနာရှင်တစ်ဦးက ပြောသည်။

**သတင်းစဉ်**



## ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စက္ကူလင်းနှင့်အလင်းတန်းစာကြည့်တိုက်များဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ် ၁၄ ရပ်ကွက် စက္ကူလင်းစာကြည့်တိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်ကျေးရွာအုပ်စု အလင်းတန်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၁ ရက်က အဆိုပါစာကြည့်တိုက်များ၌ ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲများတွင် တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို လှူဒါန်းရာ အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက အလှူရှင်များ လှူဒါန်းသည့် သုတ/ရသစာအုပ်များကို လည်းကောင်း လက်ခံရယူပေးကြပြီး စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌများက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် အဆိုပါစာကြည့်တိုက်များ ဆောက်လုပ်ရာတွင် နိုင်ငံတော်မတည်ငွေများနှင့် ပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် အမျိုးသား(အလွတ်တန်း)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် ဘောလုံးအဖွဲ့ချုပ်နှင့် မြစ်ကြီးနားယူနန်ဘုံကျောင်း တရုတ်လူငယ်များ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၂၅ ခုနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် အမျိုးသား(အလွတ်တန်း) ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၃ နာရီခွဲက မြစ်ကြီးနားမြို့ ပြည်နယ်ဘောလုံးကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း ချစ်ခင်လေးစားပြီး စည်းလုံးညီညွတ်မှုရှိစေရေး၊ ဘောလုံးအားကစားနည်းအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး ပြည်နယ်ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစား သမားကောင်းများ ပေါ်ထွက်လာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြစ်ကြီးနားယူနန်ဘုံကျောင်း လူငယ်တာဝန်ခံက ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ ကချင်ပြည်နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလအောင်၊ မြစ်ကြီးနား ယူနန်ဘုံကျောင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တရုတ်လူငယ် တာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အောက်ပုံ)**

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ် ဒေသခံတိုင်းရင်းသူ အဆိုတော်များ၏ သီဆိုဖျော်ဖြေမှု၊ တရုတ်ရိုးရာအကအဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်ပွဲစဉ်အဖြစ် နောင်နန်း လူငယ်အသင်းနှင့် မြစ်ကြီးနားတက္ကသိုလ်အသင်းတို့ စတင် ယှဉ်ပြိုင်ကစားနိုင်ရေး ဘောလုံး စတင်ကန်သွင်းဖွင့်လှစ်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ (၇၈) နှစ်မြောက်



ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရောက်ရှိလာကြသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ **(ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ နေ့လယ်စာ စားသောက်နေမှုနှင့် ပြင်ဆင်ကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို စနစ်တကျပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ထားဝယ်တက္ကသိုလ်၌ (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တက္ကသိုလ်၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း သက်ဆိုင်ရာစာမေးပွဲများတွင် အောင်မြင်ခဲ့သူမဟာဘွဲ့ရရှိသူ ခုနစ်ဦး၊ ဒီပလိုမာဘွဲ့(စီးပွားရေးဥပဒေ)ရရှိသူ ငါးဦး၊ ဂုဏ်ထူးဘွဲ့ရရှိသူ ငါးဦး၊ ဥပဒေဘွဲ့ရရှိသူ ၁၀ ဦး၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ရရှိသူ ၃၇ ဦးနှင့်၂၀၂၄ ပညာသင်နှစ် အဝေးသင်သင်တန်းတွင် အောင်မြင်ခဲ့သူ ရိုးရိုးဘွဲ့ရရှိသူ ၁၂၀ ၊ ဥပဒေဘွဲ့ရရှိသူ ခုနစ်ဦးတို့ကို ဘွဲ့အသီးသီးအပ်နှင်းသည်။

အခမ်းအနားတွင် ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ်က ဘွဲ့ရမောင်မယ်များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို လေးစားလိုက်နာကြစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဘာသာရပ်အသီးသီးမှ ပါမောက္ခဌာနမှူးများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘများ တက်ရောက်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




## ကန့်ဘလူမြို့၌ နိုင်ငံ့ဝန်ထမ်းများအား စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ

**ကန့်ဘလူ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ခရိုင်စုပေါင်းရုံး၌ ဖေဖော်ဝါရီ ၁ ရက်က နိုင်ငံ့ဝန်ထမ်းများအား စားအုန်းဆီ အခက်အခဲမရှိစေရေး သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ရောင်းချပေးသည်။ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းပြီး အလွယ်တကူဝယ်ယူနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများကို တစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သား ငွေကျပ် ၄၂၅၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် တောင်သူများအတွက် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရေး အကျိုးပြုနေသည့် မဲဇလီရေလွှဲဆည်

*လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)*



**ပွင့်ဖြူ ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အတွင်း၌ တည်ရှိသည့် မဲဇလီရေလွှဲဆည်ကြီးသည် ဒေသတွင်းရှိ တောင်သူများအတွက် သီးနှံဝင်ငွေ တိုးပွားရေးနှင့် နိုင်ငံတော်အတွက် သီးနှံစိုက်ပျိုး စွမ်းအားတိုးတက်မြင့်မားရေးကို နှစ်စဉ် အကျိုးပြုနေသည့် ဆည်ကြီးတစ်ခုပင်ဖြစ်သည်။

**မဲဇလီရေလွှဲဆည်ကြီး ဖြစ်တည်လာပုံ**

ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်ကြီးသည် နတ်မတောင်ထိပ်၏ အနောက်ဘက်နှင့် မြောက်ဘက်ရှိ တောင်များတွင် မြစ်ဖျားခံစီးဆင်းလာသော မုန်းချောင်းပေါ်တွင် တည်ရှိကာ ဒေသတွင်းရှိ လယ်ယာသီးနှံစိုက်ပျိုးတောင်သူများ စိုက်ပျိုးရေ ဖူလုံစွာရရှိစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သက္ကရာဇ် ၁၉၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ကာ ၁၉၁၀ ပြည့်နှစ်တွင် အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည်။ မုန်းချောင်းမှ တစ်နှစ်ပတ်လုံး ရေစီးဆင်းမှုများရှိသည့်အတွက် မဲဇလီရေလွှဲဆည်၌ ဆည်ရေများ စနစ်တကျ သိုလှောင်ထိန်းသိမ်းထားရှိပြီး ၁၉၉၃ ခုနှစ်တွင် ဒေသခံတောင်သူများ နွေစပါးသီးနှံ စိုက်ပျိုးနိုင်ရန်အတွက် နွေစပါးစိုက်ဧက ၁၀၀၀၀ ကျော်ကို စိုက်ပျိုးရေစတင်၍ စမ်းသပ်ဖြန့်ဝေပေးခဲ့သည်။ ၂၀၀၄ – ၂၀၀၅ ခုနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စေတုတ္တရာ မြို့နယ်တွင် မုန်းချောင်းတမံအကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ခဲ့သဖြင့် မုန်းတမံအတွင်းမှ ဆည်ရေများကို မဲဇလီရေလွှဲဆည်၌ ပိုမိုသိုလှောင် ထိန်းသိမ်းနိုင်ခဲ့သဖြင့် ဒေသခံတောင်သူများကို နွေစပါးစိုက်ဧက ၅၀၀၀၀ ခန့်အထိ စိုက်ပျိုးရေများ ယခင်ကထက် ပိုမိုဖြန့်ဝေပေးနိုင်လာခဲ့သည်။

ထို့အပြင် ၂၀၀၇ – ၂၀၀၈ ခုနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စေတုတ္တရာ မြို့နယ်ရှိ မုန်းချောင်းတမံနှင့် ပွင့်ဖြူမြို့နယ် မဲဇလီ ရေလွှဲဆည်အထက် ၁၀ မိုင်ခန့်အကွာတွင် ကြီးအုံကြီးဝ တမံအား ထပ်မံ၍ တည်ဆောက်ပေးခဲ့သဖြင့် မဲဇလီ ရေလွှဲဆည်အတွင်း ဆည်ရေပိုမိုသိုလှောင်လာနိုင်သည့်အတွက် ယခုအခါ ဒေသတွင်းရှိ တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေခဲ့ပြီး နှစ်စဉ် မိုးစပါး စိုက်ဧက ၇၀၀၀၀ ကျော်နှင့် နွေစပါးစိုက်ဧက ၆၀၀၀၀ ကျော်အထိ စိုက်ပျိုးရေများ ဖြန့်ဝေပေးနိုင်ရုံ သာမက တောင်သူများ ဆောင်းသီးနှံ ကုလားပဲ၊ ပဲတီစိမ်း၊ နေကြာတစ်နှစ်သုံးသီး စိုက်ပျိုးနိုင်သည် အထိ စိုက်ပျိုးရေများ ဖြန့်ဝေပေးနိုင်ခဲ့သည်။



**စိုက်ပျိုးရေ ဖြန့်ဝေပေးမှုစနစ်**

ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်မှ နှစ်စဉ် မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်များ အတွင်းရှိ ဆည်ရေသောက်ဧရိယာ ၈၂၆၂၃ ဧက အတွက် ဒေသခံတောင်သူများ ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် နိုင်ငံတော်အတွက် သီးနှံစိုက်ပျိုး စွမ်းအားတိုးတက်မြင့်မားစေရန် ဆည်ရေများ ပေးဝေရာ၌ အဓိကစိုက်ပျိုးရေပေးမြောင်းဖြစ်သည့် မြောက်မုန်းမြောင်းမကြီး အလျား ၂၄ ဒသမ ၆ မိုင်နှင့် တောင်မုန်းမြောင်းမကြီး အလျား ၂၉ ဒသမ ၂ မိုင် စုစုပေါင်း မြောင်းမကြီးအရှည်ပေ ၅၄ မိုင်မှတစ်ဆင့် စိုက်ပျိုးရေပို့လွှတ်ကာ ရေလက်တံမြောင်း အရေအတွက် ၂၅ ခုဖြင့် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေများကို စနစ်တကျ ဖြန့်ဝေပေးလျက်ရှိသည်။

ဆည်ရေသောက် ဧရိယာများသို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးရာတွင် တောင်သူများ ဆည်ရေကို အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကြီးကြပ်၍ သက်ဆိုင်ရာ တောင်သူများ ပူးပေါင်းပါဝင်သော ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်း၍ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျ ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

**ဆည်ရေသောက်စနစ်များ ကောင်းမွန်အောင် အဆင့်မြှင့်တင်ခြင်း**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရာသီ အလိုက် သီးနှံများအဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေများကို လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြင့် ဖြန့်ဝေပေးနိုင်ရန် ဆည်ရေသောက်စနစ် အဆင့် မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ မဲဇလီဆည်ရေသောက်စနစ်အတွင်းရှိ မြောင်းမကြီး နှစ်ခုနှင့် ရေလက်တံမြောင်းများ အားလုံးကို ပိုမိုခိုင်မာအားကောင်းစေရန် အဆင့် မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၃ – ၂၀၁၄ ခုနှစ် တွင် မဲဇလီရေလွှဲဆည်ကြီးအား ရေကြီးရေလျှံမှု အန္တရာယ်ကင်းဝေးစေရန်နှင့် ဆည်ရေပိုမိုထိန်းသိမ်း သိုလှောင်နိုင်ရန်အတွက် (HED) ဟိုက်ဒေါလစ်စနစ် အသုံးပြု ဆည်ထိပ်ရေထိန်းတံခါး တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း များ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် မဲဇလီရေလွှဲဆည် အတွင်း ယခင်ကထက် ဆည်ရေပိုမိုသိုလှောင်ထား နိုင်ခြင်း၊ ဆည်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာပါက ရေထိန်းတံခါးများကို အချိန်မီအမြန်ဆုံး ဖွင့်ထုတ်၍ ဆည်အတွင်း ရေအမှတ်များကို လျင်မြန် ထိရောက်စွာ လျှော့ချနိုင်ခြင်း၊ ရေပေးတူးမြောင်းမ ကြီးများသို့ ဆည်ရေအပြည့်အဝ ထည့်သွင်းပေးနိုင် ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေသည့်အပြင် တောင်သူများအတွက် လိုအပ်သော စိုက်ပျိုးရေကို လည်း အပြည့်အဝ ဖြန့်ဝေပေးနိုင်ခဲ့သည်။

ပွင့်ဖြူမြို့နယ်သည် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ဆည်ရေသောက်စိုက်ပျိုး မြေဧရိယာ အများဆုံးဖြစ်ပြီး စားနပ်ရိက္ခာဖူလုံရေး အတွက် ဆန်စပါးနှင့် ဆီထွက်သီးနှံမျိုးစုံကို မဲဇလီ ရေလွှဲဆည်ရေဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ထိုသို့ တောင်သူများ ရာသီအလိုက် သီးနှံများစိုက်ပျိုး ရာ၌ လိုအပ်သော စိုက်ပျိုးရေနှင့် သီးနှံအောင်ရေများ ပြည့်ဝစွာရရှိရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချ မှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်ရေများကို မြောင်းဆုံး၊ မြောင်းဖျားအထိ ရောက်ရှိအောင် စနစ်တကျ စီမံ ဆောင်ရွက် ဖြန့်ဝေပေးလျက်ရှိသည်။ ယခုနှစ် နွေသီးနှံစိုက်ပျိုးတောင်သူများ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို ဖေဖော်ဝါရီ ၁၅ ရက်ကစ၍ တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာ အတွင်းရှိ နွေစပါးစိုက်ဧက ၃၃၂၃၅ ဧကအတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးသွားမည်ဖြစ်ကာ နွေနှမ်းစိုက်ပျိုးမည့် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ နှမ်းစိုက်ဧက ၂၇၁၉၃ ဧကအတွက် မတ် ၇ ရက်တွင် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ထိုသို့ ဆည်ရေများ ဖြန့်ဝေပေးရာ၌ တောင်သူ များ သီးနှံစိုက်ပျိုးချိန်တွင် သီးနှံအတွက် လိုအပ်သော ရေပမာဏကို အချိန်မီဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေရန် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိသော ရေအသုံးချသူများအဖွဲ့ ၂၀၀ နှင့် ပူးပေါင်းပြီး စိုက်ပျိုးရေ စနစ်တကျရယူသုံးစွဲရေးနှင့် ဆည်မြောင်းအဆောက်အအုံ၊ တူးမြောင်းပေါင်များ ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်၍ ပွင့်ဖြူမြို့နယ်အတွင်းရှိ မဲဇလီ ရေလွှဲဆည်ကြီးသည် ဒေသခံတောင်သူများအတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာ၌ စိုက်ပျိုးရေဖူလုံစွာရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် အပြင် မင်းဘူးမြို့နယ်နှင့် စလင်းမြို့နယ်ရှိ ဒေသခံ တောင်သူများအတွက်ပါ စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင် သည့်အတွက် တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး များစွာအကျိုးရှိစေပြီး နိုင်ငံ တော်အတွက် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မား ရေးကို တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့် အကျိုးပြုလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရ ပါသည်။ ။

## ကလောမြို့ မောမြေဦးပန်းခြံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် အဆိုပြုလွှာရွေးချယ်

**တောင်ကြီး ဖေဖော်ဝါရီ ၂**

ကလောမြို့ မောမြေဦးပန်းခြံ စိမ်းလန်းစိုပြည်သာယာလှပရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် EOI အဆိုပြုလွှာ စိစစ်ရွေးချယ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်တွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင် တက်ရောက်ပြီး EOI စိစစ်ရွေးချယ်ရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ EOI စိစစ်ရွေးချယ်ရေးလုပ်ငန်းအဖွဲ့များက စိစစ်ရွေးချယ်ပေးခဲ့ကြသည်။ EOI တင်သွင်းသော ကုမ္ပဏီများမှာ ကလောမြို့ဒေသခံ High Land Oasis Construction Co.,Ltd နှင့် စိန်သုမောင်ကုမ္ပဏီတို့ဖြစ်ကြောင်း သိရသည်။ **စိုးလင်း(တောင်ကြီး)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံ ကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အဋ္ဌမအကြိမ် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း၏ အသင်းဝင်များစုံညီတွေ့ဆုံပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

အဋ္ဌမအကြိမ် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း၏ အသင်းဝင်များစုံညီတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာ(သိပ္ပံ) ရန်ကုန်ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးအေးမောင်ကြီး၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။




ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့လက်ရွေးစင်ဟောင်းနာယက မြန်မာ့ရေကူးလက်ရွေးစင်ဟောင်း ဝဏ္ဏကျော်ထင် ဒေါက်တာ နန္ဒကျော်စွာတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၁၀၀၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက အလှူငွေကျပ် ၁၀ သိန်း ၊ Track Suit ၂၅ စုံနှင့် Sport Shirt အထည် ၂၅၀၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးမှ လှူဒါန်းငွေများ၊ မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် လက်ရွေးစင် အားကစားသမားများ၊ MNL ဘောလုံးအသင်းများမှ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၄၈၀ ခန့် ပေးအပ်လှူဒါန်းရာ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများအား ပြန်လည်ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး မြန်မာ့ဝူရှူး လက်ရွေးစင်ဟောင်း ဦးဇော်ဇော်မိုးက အသင်းကြီး၏ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အသင်းနာယက ဦးအုန်းရှိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## ဆောင်းရာသီတွင်ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ်-၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊ နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှုကြပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက သစ်ခေါက်ခွခေတ်မီစံပြကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ လယ်ဝေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲနိုင်ဝင်းက မီးခိုးမြူငွေ့ လျှော့ချခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် စသည့်အသိပညာ ဗဟုသုတများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။



အဆိုပါ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ လယ်ဝေး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်ခေါက်ခွခေတ်မီစံပြကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများတက်ရောက်ခဲ့ကြောင်း သိရသည်။

**၂၂၂**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့်ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့်သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူ ရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့် အနေအထား ဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ကနေဒါနိုင်ငံက အမေရိကန် ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံသွားမည်

အော့တဝါ ဖေဖော်ဝါရီ ၂

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကနေဒါထုတ်ကုန်အများစုအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်း ချမှတ်ကြောင်း ထုတ်ပြန်ခဲ့ပြီးနောက် ကနေဒါနိုင်ငံက ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်သွင်းကုန်များအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံသွားမည်ဟု ဖေဖော်ဝါရီ ၁ ရက်က ကြေညာသည်။**

ကနေဒါက ဖေဖော်ဝါရီ ၅ ရက်အထိ ကနေဒါဒေါ်လာ ၃၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံ) တန်ဖိုးရှိ အမေရိကန် ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက အစိုးရအဖွဲ့အစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။

ထို့ပြင် လာမည့် ၂၁ ရက်အတွင်း အမေရိကန်ကုန်ပစ္စည်းများအပေါ် ကနေဒါဒေါ်လာ ၁၂၅ ဘီလီယံအထိ အခွန်စည်းကြပ်မည်ဟု ဝန်ကြီးချုပ် ထရူးဒိုက ဆိုသည်။ အမေရိကန် ဘီယာ၊ ဝိုင်နှင့် ယမကာများသည် ပထမဦးစားပေးအကောက်ခွန်တိုးမြှင့်မည့် ပစ္စည်းများဖြစ်ပြီး ဟင်းသီးဟင်းရွက်များ၊ အဝတ်အထည်၊ ဖိနပ်နှင့် ရေမွှေးတို့နှင့်အတူ အိမ်အသုံးအဆောင်များ၊ ပရိဘောဂနှင့် အားကစားအသုံးအဆောင်ပစ္စည်းများလည်းပါဝင်မည်ဟု ၎င်းကဆိုသည်။

ထို့အတူ အရေးကြီးကုန်စည်များဖြစ်သော ဓာတ်သတ္တုများနှင့် စွမ်းအင်ဆိုင်ရာ ထုတ်ကုန်များကို အမေရိကန်သို့ တင်ပို့ခြင်းအပေါ် ကန့်သတ်မှုများနှင့် အမေရိကန်ကုမ္ပဏီများအား အစိုးရစာချုပ်များတွင် လေလံဆွဲခြင်းမှတားမြစ်ခြင်းလည်း ပါဝင်နိုင်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။



ထရမ့်အစိုးရက ကနေဒါ၊ မက္ကဆီကိုနိုင်ငံတို့မှ သွင်းကုန်များအပေါ် အခွန်တိုးမြှင့်စည်းကြပ်ခဲ့ပြီး ကနေဒါနိုင်ငံအပေါ် အခွန်စည်းကြပ်မှုမှာ သွင်းကုန်အားလုံးအပေါ် ၂၅ ရာခိုင်နှုန်းနှင့် စွမ်းအင်ထုတ်ကုန်များအပေါ် ၁၀ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက်က ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူပေါင်း တစ်သိန်းတွင် ၁၀၆ ဦး ကင်ဆာရောဂါခံစားနေရ

**ဒါကာ ဖေဖော်ဝါရီ ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လူပေါင်း တစ်သိန်းတွင် ၁၀၆ ဦးမှာ ကင်ဆာရောဂါခံစားနေကြရကြောင်း ဘန်ဂါဘန်ဒူရှိတ်မူ ဂျစ်ဆေးဘက်ဆိုင်ရာ တက္ကသိုလ် (ဘီအက်စ်အမ်အမ်ယူ) က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောသည်။

အဆိုပါရောဂါသည် နိုင်ငံအတွင်း စုစုပေါင်း သေဆုံးမှု၏ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကင်ဆာရောဂါပေါင်း ၃၈ ခုကို တွေ့ရှိထားပြီး အများစုမှာ ရင်သား၊ ပါးစပ်၊ အစာအိမ်၊ အသက်ရှူလမ်းကြောင်းနှင့် သားအိမ်ခေါင်းကင်ဆာတို့ဖြစ်ကြောင်း ဘီအက်စ်အမ်အမ်ယူ ပြည်သူ့ကျန်းမာရေးနှင့် သတင်းအချက်အလက်ဌာန၏ အဓိကသုတေသီနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာ မိုဟာမက်ခါလယ်ကွတ်ဗာမန်က ပြောသည်။

ကင်ဆာလူနာ ၉၃ ရာခိုင်နှုန်းမှာ အသက် ၁၈ နှစ်မှ ၇၅ နှစ်ကြားဖြစ်ကြောင်း၊ ၂ ဒသမ ၄ ရာခိုင်နှုန်းမှာ ကလေးအရွယ်များဖြစ်ကြောင်းနှင့် ၅ ဒသမ ၁ ရာခိုင်နှုန်းမှာ အသက် ၇၅ နှစ်ကျော်အရွယ်များဖြစ်ကြောင်း ခါလယ်ကွတ်ဗာမန်က ပြောသည်။

အမျိုးသမီးကင်ဆာဝေဒနာရှင်များအနက် ၁၉ ရာခိုင်နှုန်းမှာ မျိုးပွားခြင်းနှင့်သက်ဆိုင်နေပြီး ၎င်းတို့အထဲမှ ၁၁ ရာခိုင်နှုန်းမှာ သားအိမ်ခေါင်းကင်ဆာ၊ ၅ ရာခိုင်နှုန်းမှာ သားဥအိမ်ကင်ဆာနှင့် ၃ ရာခိုင်နှုန်းမှာ သားအိမ်ကင်ဆာဖြစ်ကြောင်း သိရသည်။ ထို့အပြင် အမျိုးသားကင်ဆာဝေဒနာရှင် ၇၅ ဒသမ ၈ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သုံးသူများဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆိုမာလီယာရှိ အိုင်အက်စ် စစ်သွေးကြွများကို အမေရိကန်က လေကြောင်းတိုက်ခိုက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန် တပ်ဖွဲ့ဝင်များသည် ဆိုမာလီယာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီး အိုင်အက်စ် စစ်သွေးကြွများစွာကို ရှင်းလင်းခဲ့သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

အိုင်အက်စ် တိုက်ခိုက်ရေး စီစဉ်သူ အရာရှိတစ်ဦးနှင့် ဆိုမာလီယာတွင် ၎င်းစုဆောင်းထားသည့် လူသစ်များကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရန် တိကျသည့် ညွှန်ကြားမှု ပြုလုပ်ခဲ့ကြောင်း ထရမ့်က ဖေဖော်ဝါရီ ၁ ရက်တွင် လူမှုကွန်ရက် စာမျက်နှာပေါ်၌ ရေးသားခဲ့သည်။ လိုဏ်ဂူများထဲတွင် ပုန်းအောင်းနေသည့် အဆိုပါ အကြမ်းဖက်သမားများမှာ အမေရိကန် ပြည်ထောင်စုနှင့် မဟာမိတ်နိုင်ငံများကို ခြိမ်းခြောက်လျက်ရှိသည်ဟု ထရမ့်ကပြောသည်။

လေကြောင်း တိုက်ခိုက်မှု ပြုလုပ်ခြင်းဖြင့် ၎င်းတို့ပုန်းအောင်းရာ လိုဏ်ဂူများကို ဖျက်ဆီးခဲ့ပြီး အရပ်သားများကို ထိခိုက်မှုမရှိစေဘဲ အကြမ်းဖက်သမားများကို ရှင်းလင်းခဲ့သည်ဟု ထရမ့်က ပြောသည်။

ဆိုမာလီယာ အစိုးရနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဆိုမာလီယာနိုင်ငံ မြောက်ဘက် တောင်တန်းဒေသတွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ပီဟက်ဆက်က ပြောသည်။ အမေရိကန် ပြည်ထောင်စုသည် အကြမ်းဖက်သမားများကို ရှာဖွေနှိမ်နင်းရန် အသင့်ရှိကြောင်း ၎င်းက ဆက်ပြောသည်။ **အင်န်အိတ်ချ်ကေ**



# ယူဂန္ဓာနိုင်ငံ၌ ကူးစက်နိုင်ခြေမြင့်မားသည့် မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံ

**ကမ်ပါလာ ဖေဖော်ဝါရီ ၂**

ယူဂန္ဓာနိုင်ငံမြို့တော် ကမ်ပါလာတွင် ဖေဖော်ဝါရီ ၁ ရက်က ကူးစက်နိုင်ခြေမြင့်သည့် မျောက်ကျောက်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။



ကမ်ပါလာမြို့တွင် မျောက်ကျောက်ရောဂါကာကွယ်ဆေးကို ဖေဖော်ဝါရီ ၁ ရက်က ထိုးနှံပေးနေစဉ်။

မျောက်ကျောက် ရောဂါ ကူးစက်မှုကို ကာကွယ်ရန်အတွက် ကျန်းမာရေး ဝန်ထမ်းများနှင့် ကူးစက်နိုင်ခြေမြင့်သည့် သူများကို ပထမအကြိမ် ကာကွယ်ဆေး ထိုးပေးမှု လုပ်ဆောင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ချားလ်အိုလာရိကဆင်ဟွာသို့ ပြောသည်။

ကူးစက်နိုင်ခြေ မြင့်သည့် လူများ၊ ရောဂါရှိသူနှင့် ထိတွေ့မိသူများနှင့် ကျန်းမာရေးလုပ်သားများကို ကာကွယ်ဆေးထိုးနှံပေးကြောင်း ၎င်းက ပြောသည်။

ယူဂန္ဓာနိုင်ငံတွင် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက လှူဒါန်းထားသည့် ကာကွယ်ဆေးအလုံးရေ ၂၀၀၀ ရှိပြီး အဆိုပါကာကွယ်ဆေးများမှာ လူ ၁၀၀၀ ကို ထိုးနှံပေးနိုင်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ ယူဂန္ဓာနိုင်ငံတွင် ပြီးခဲ့သည့်သြဂုတ်လ နှောင်းပိုင်းမှစတင်ကာ မျောက်ကျောက်ရောဂါဖြစ်ပွားမှု တွေ့ရှိခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်အထိ ဓာတ်ခွဲခန်းအတည်ပြုလူနာ ၂၄၇၉ ဦး ရှိသည်ဟု သိရသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးသည် ပြီးခဲ့သည့်သြဂုတ်လတွင် မျောက်ကျောက်ရောဂါကို နိုင်ငံတကာ စိုးရိမ်ရသည့် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ်ကြေညာခဲ့ပြီး နိုင်ငံတကာအပေါ် ကူးစက်ပျံ့နှံ့နိုင်ခြေရှိမှုကို သတိပေးခဲ့သည်။

**ဆင်ဟွာ**

# အနောက်ဘက်ကမ်းတွင် အစ္စရေးလေကြောင်း တိုက်ခိုက်မှုအတွင်း ပါလက်စတိုင်းလေးဦး သေဆုံး

**ရမ်မာလာ ဖေဖော်ဝါရီ ၂**

အနောက်ဘက်ကမ်းရှိ ဂျီနင်မြို့ကို ဖေဖော်ဝါရီ ၁ ရက်က အစ္စရေး လေကြောင်း တိုက်ခိုက်မှုနှစ်ခု ပြုလုပ်ခဲ့ပြီးနောက် ပါလက်စတိုင်း လေးဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းသတင်းရင်းမြစ်များက ပြောသည်။

ဂျီနင်မြို့တောင်ဘက် ကာဘာတီယာမြို့လယ်တွင် အစ္စရေး မောင်းသူမဲ့လေယာဉ်တစ်စင်းက ယာဉ်တစ်စီးကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ရာ ယာဉ်ပေါ်ပါ ပါလက်စတိုင်းလူငယ်နှစ်ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

အခြားမော်တော်ဆိုင်ကယ်တစ်စီးကိုလည်း ပစ်မှတ်ထားသည့် အစ္စရေး လေကြောင်းတိုက်ခိုက်မှုအတွင်း လူငယ်နှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းလုံခြုံရေးသတင်းရင်းမြစ်များက ဆိုသည်။

အစ္စရေးတပ်ဖွဲ့က ဂျီနင်မြို့ပေါ်နှင့် အနီးဝန်းကျင်ရှိ ဒုက္ခသည်စခန်းများကို ၁၂ ရက်ဆက်တိုက် စစ်ဆင်ရေးများ ဆက်တိုက်လုပ်ဆောင်နေမှုကြောင့် ပေါက်ကွဲမှုများနှင့် နေအိမ်များ ပျက်စီးဆုံးရှုံးမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသည်။

အစ္စရေးနှင့် ဟားမားစ်တို့အကြား ဇန်နဝါရီ ၁၉ ရက်က စတင်အသက်ဝင်ခဲ့သည့် ခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသော်လည်း အစ္စရေးက ဂျီနင်တွင် ဝင်ရောက်စီးနင်းမှုနှင့် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းကျေးရွာများတွင် အခြေချနေထိုင်သူများအား တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။

**ဆင်ဟွာ**



# ယခုနှစ် ဇန်နဝါရီလ၏ ကမ္ဘာတစ်ဝန်း ထူးထူးခြားခြား ဖြစ်စဉ်များ

■ လင်းလက်ကြယ်

**သီရိလင်္ကာအကောက်ခွန်ဌာနက ၂၀၂၄ ခုနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော် ရရှိခဲ့**

**ဇန်နဝါရီ ၂**

သီရိလင်္ကာနိုင်ငံရဲ့ အကောက်ခွန်ဌာနက ၂၀၂၄ ခုနှစ်မှာ ရူပီး ၁ ဒသမ ၅၁ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံကျော်) ဝင်ငွေရရှိခဲ့ပြီး သမိုင်းတစ်လျှောက် နှစ်အလိုက် ဝင်ငွေအများဆုံးဖြစ်တယ်လို့ ပြောပါတယ်။ ၂၀၂၄ ခုနှစ်မှာ သီရိလင်္ကာအစိုးရက ရူပီး ၁ ဒသမ ၅၃၃၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံကျော်) ရရှိရေး ရည်မှန်းထားခြင်းဖြစ်ပါတယ်။

ဝင်ငွေတိုးလာခြင်းမှာ အစိုးရရဲ့ အခွန်မူဝါဒတွေ၊ သွင်းကုန်တွေတိုးမြင့်လာခြင်းနဲ့ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ဖြစ်တယ်လို့ အဆိုပါ ဌာနက ပြောပါတယ်။ **ဆင်ဟွာ**

**လာအိုရဲတပ်ဖွဲ့က ၂၀၂၄ ခုနှစ်အတွင်း ရာဇဝတ်မှုပေါင်း ၆၅၁၉ မှု ဖြေရှင်းနိုင်ခဲ့**

**ဇန်နဝါရီ ၄**

လာအိုရဲတပ်ဖွဲ့က ၂၀၂၄ ခုနှစ်အတွင်း ရာဇဝတ်မှုပေါင်း ၇၃၅၀ ကို ကိုင်တွယ်ခဲ့ပြီး အမှုပေါင်း ၆၅၁၉ မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရာဇဝတ်မှုအများစုမှာ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနဲ့ ဆက်စပ်လျက်ရှိတယ်လို့ သိရပါတယ်။

ရာဇဝတ်မှုပေါင်း ထက်ဝက်ကျော်ဖြစ်တဲ့ ၃၇၇၁ မှုမှာ သုံးစွဲမှု၊ လက်ဝယ်ပိုင်ဆိုင်မှု၊ တရားမဝင် ကူးသန်းရောင်းဝယ်မှုတို့နဲ့ ဆက်နွယ်ပါတယ်။ ဇန်နဝါရီ ၄ ရက်မှာ လာအိုပြည်သူ့လုံခြုံရေးဝန်ကြီးဌာနကထုတ်ပြန်တဲ့ အစီရင်ခံစာအရ စုံစမ်းစစ်ဆေးမှုအတွင်း လူပေါင်း ၉၈၆၀ ကို ဖမ်းဆီးခဲ့ပြီး ယင်းတို့အနက် ၃၄၄ ဦးမှာ နိုင်ငံခြားသားများဖြစ်တယ်လို့ သိရပါတယ်။ **ဆင်ဟွာ**

**အီရန်နိုင်ငံက ကာရမန်ရှားပြည်နယ်မှာ အကြီးစားစစ်ရေးလေ့ကျင့်မှု စတင်**

**ဇန်နဝါရီ ၄**

အီရန်အစ္စလာမ္မစ်တော်လှန်ရေး အစောင့်တပ် (အိုင်ဂျီအာရ်စီ) က ဇန်နဝါရီ ၄ ရက်မှာ နိုင်ငံအနောက်ပိုင်း ကာရမန်ရှားပြည်နယ်မှာ အကြီးစားစစ်ရေးလေ့ကျင့်မှုစတင်ခဲ့ကြောင်း အိုင်အာရ်အင်န်အေသတင်းဌာနမှာ ဖော်ပြထားပါတယ်။

Great Prophet 19 လို့ အမည်ပေးထားတဲ့ အဆိုပါစစ်ရေးလေ့ကျင့်မှုမှာ အိုင်ဂျီအာရ်စီ ကြည်းတပ်ရဲ့ အထူးတပ်ဖွဲ့တွေနဲ့ ပူးပေါင်းဌာနတွေမှ တပ်ဖွဲ့ဝင်တွေပါဝင်တယ်လို့ အစီရင်ခံ ဖော်ပြထားပါတယ်။ **ဆင်ဟွာ**

**လစ်ဗျားနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း စစ်ဒေသမှာ ရာဇဝတ်မှုတိုက်ဖျက်ရေးစတင်**

**ဇန်နဝါရီ ၅**

အနောက်ဘက်ကမ်းရိုးတန်း စစ်ဒေသမှာ အကြီးစားရာဇဝတ်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးကို စတင်လုပ်ဆောင်ခဲ့ကြောင်း လစ်ဗျားကာကွယ်ရေးဝန်ကြီးဌာန အနောက်ဘက်ကမ်းရိုးတန်း စစ်ဒေသက ပြောပါတယ်။

အဆိုပါစစ်ဆင်ရေးရဲ့နောက်ကွယ်မှာ မည်သည့် နိုင်ငံရေးရည်ရွယ်မှု မရှိဟု ကြေညာချက်တွင် ငြင်းဆိုထားပြီး နယ်မြေလုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းဖို့ ရည်ရွယ်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

**ဆင်ဟွာ**

**အိန္ဒိယနိုင်ငံတောင်ပိုင်းမှာ ကူးစက်မြန်ဗိုင်းရပ်စ် HMPV ဖြစ်ပွားသူ နှစ်ဦးတွေ့ရှိ**

**ဇန်နဝါရီ ၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာ ပြည်နယ်မှာ အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ဗိုင်းရပ်စ် Hu–man Metapneumovirus (HMPV) ဖြစ်ပွားသူ နှစ်ဦးစစ်ဆေးတွေ့ရှိကြောင်း ဇန်နဝါရီ ၆ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောပါတယ်။ ကူးစက်မြန်ရောဂါဖြစ်ပွားသူ နှစ်ဦးစလုံးကို ပြည်နယ်ရဲ့ မြို့တော် ဘန်ဂါလူရူမြို့ရှိ ဘတ်တစ်ဆေးရုံ၌ တွေ့ရှိခဲ့ပါတယ်။ **ဆင်ဟွာ**

**ဆူဒန်နိုင်ငံ၌ ပြည်သူ့ရှစ်သောင်းကျော်ကို လူသားချင်းစာနာမှုအကူအညီများ ဖြန့်ဝေပေး**

**ဇန်နဝါရီ ၆**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေ အလွန်ဆိုးရွားမှုနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စစ်ဘေးသင့်ပြည်သူရှစ်သောင်းကျော်ကို ပံ့ပိုးပေးနိုင်ရေး ရည်ရွယ်ကာ ဆူဒန်နိုင်ငံမြို့တော် ခါတွမ်တောင်ပိုင်းမှာ ဇန်နဝါရီ ၆ ရက်က လူသားချင်းစာနာမှုအကူအညီများ စတင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း ဒေသတွင်း စေတနာ့ဝန်ထမ်းအဖွဲ့တစ်ဖွဲ့က ပြောပါတယ်။ **ဆင်ဟွာ**



**၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံကို ကမ္ဘာလှည့်ခရီးသွား ၃၅ ဒသမ ၅၄ သန်းကျော် လာရောက်**

**ဇန်နဝါရီ ၇**

ထိုင်းနိုင်ငံကို ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွား ၃၅ ဒသမ ၅၄ သန်းကျော် ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ်ကထက် ၂၆ ဒသမ ၂၇ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဇန်နဝါရီ ၇ ရက်က ထုတ်ပြန်သော တရားဝင်အချက်အလက်တွေအရ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ထိုင်းနိုင်ငံကို ဝင်ရောက်လာတဲ့ ကမ္ဘာလှည့်ခရီးသွားတွေအနက် တရုတ်နိုင်ငံက ၆ ဒသမ ၇၃ သန်းဖြင့် အများဆုံးဖြစ်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းနဲ့ အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ **ဆင်ဟွာ**

**ဂျပန်နိုင်ငံ၌ ၁၉၉၉ ခုနှစ်နောက်ပိုင်း တုပ်ကွေးဖြစ်ပွားမှု စံချိန်တင်မြင့်တက်လာ**

**ဇန်နဝါရီ ၁၁**

ဒီဇင်ဘာလနောက်ဆုံးပတ်မှာ ဂျပန်နိုင်ငံတစ်ဝန်း သတ်မှတ်ထားတဲ့ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတွေက တုပ်ကွေးဖြစ်ပွားတဲ့ လူနာအရေအတွက်ကို အစီရင်ခံဖော်ပြခဲ့ရာ ၃၁၇၈၁၂ ဦးရှိတဲ့အတွက် လက်ရှိမှတ်တမ်း စတင်ကောက်ယူတဲ့ ၁၉၉၉ ခုနှစ် နောက်ပိုင်း အမြင့်ဆုံးပမာဏဖြစ်တယ်လို့ ကျန်းမာရေး၊ အလုပ်သမားနဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ အိုအိတာခရိုင်မှာ ဆေးခန်းတစ်ခုလျှင် တုပ်ကွေးဖြစ်ပွားသူ ၁၀၄ ဒသမ ၈၄ ဦးနဲ့ အများဆုံးဖြစ်ပါတယ်။ **ဆင်ဟွာ**

**ဂရင်းလန်းနယ်မြေရဲ့ အနာဂတ်ကို ဂရင်းလန်းပြည်သူတွေကသာ ဆုံးဖြတ်သွားမှာဖြစ်**

**ဇန်နဝါရီ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ မှတ်ချက်တွေကို သဘောမတူကြောင်း ၎င်းရဲ့ သဘောထားကို ဒိန်းမတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ဂရင်းလန်းဝန်ကြီးချုပ်က ဇန်နဝါရီ ၁၃ ရက်မှာ ထပ်လောင်းပြောကြားလိုက်ပါတယ်။ ထရမ့်က ဂရင်းလန်းကို အမေရိကန်က ပိုင်ဆိုင်သင့်တယ်လို့ ထပ်ခါတလဲလဲ ပြောကြားထားတာ ဖြစ်ပါတယ်။

ဂရင်းလန်းပြည်သူများမှာ ဒိန်းမတ်လူမျိုးသို့မဟုတ် အမေရိကန်လူမျိုး မဖြစ်ချင်ကြကြောင်း၊ ဂရင်းလန်းနယ်မြေရဲ့ အနာဂတ်ကို ဂရင်းလန်းပြည်သူတွေကသာ ဆုံးဖြတ်သွားမှာဖြစ်ကြောင်း အက်ဒီက ဆိုပါတယ်။ **အင်န်အိတ်ချ်ကေ**

**ဂျပန်လဆင်းယာဉ်တစ်စင်း ပတ်လမ်းအတွင်း အောင်မြင်စွာ ဝင်ရောက်**

**ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံမှ တီထွင်ထုတ်လုပ်လိုက်တဲ့ လဆင်းယာဉ်တစ်စင်းမှာ ဖလော်ရီဒါပြည်နယ်မှ အမေရိကန်ဒုံးပျံနဲ့ လွှတ်တင်လိုက်ပြီးနောက် ပတ်လမ်းအတွင်း အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ပါတယ်။

တိုကျိုအခြေစိုက် ပုဂ္ဂလိက လဆင်းယာဉ်စူးစမ်းလေ့လာရေးစက်ရုပ်တီထွင်တဲ့ ကုမ္ပဏီ ispace က ၂၀၂၃ ခုနှစ် ဧပြီလမှာ ပထမဆုံးအကြိမ် ကြိုးပမ်းအားထုတ်မှု မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ယခုအခါ လကမ္ဘာသို့ လဆင်းယာဉ် ဒုတိယအကြိမ် ဆင်းသက်ဖို့ ကြိုးပမ်းလုပ်ဆောင်ခြင်း ဖြစ်ပါတယ်။

လဆင်းယာဉ်သယ်ဆောင်တဲ့ ဒုံးပျံကို ဇန်နဝါရီ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီက ကနေဒီ အာကာသစင်တာမှ လွှတ်တင်ခဲ့ခြင်း ဖြစ်ပါတယ်။ **အင်န်အိတ်ချ်ကေ**

**သမ္မတ ယွန်းကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီဟု စုံစမ်းစစ်ဆေးသူများပြော**

**ဇန်နဝါရီ ၁၅**

တောင်ကိုရီးယား စုံစမ်းစစ်ဆေးသူတွေက သမ္မတယွန်းဆက်ယိုးလ်ကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။ ယွန်းမှာ ဒီဇင်ဘာလက ၎င်းရဲ့ မာရှယ်လောထုတ်ပြန်မှုနဲ့ ပတ်သက်ပြီး ပုန်ကန်မှုစွဲချက်တွေနဲ့ ရင်ဆိုင်နေရပြီး တောင်ကိုရီးယားနိုင်ငံသမိုင်းတစ်လျှောက် တာဝန်ထမ်းဆောင်ဆဲ သမ္မတတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ **အင်န်အိတ်ချ်ကေ**

**ဂါဇာ၌ သီတင်းခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး စတင်**

**ဇန်နဝါရီ ၁၉**

အစ္စရေးနဲ့ ဟားမားစ်တို့အကြား သဘောတူညီမှုရရှိပြီးနောက် ဂါဇာကမ်းမြောင်၌ သီတင်းခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးကို စတင်ခဲ့ပါတယ်။ အပစ်အခတ်ရပ်စဲရေးကို ဇန်နဝါရီ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် စတင်ခဲ့တာ ဖြစ်ပါတယ်။ သဘောတူညီချက်အရ ဟားမားစ်က ဓားစာခံ ၃၃ ဦးလွှတ်ပေးရမှာဖြစ်ပြီး အစ္စရေးဘက်ကလည်း ပါလက်စတိုင်းအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့နဲ့ လူဦးရေထူထပ်တဲ့ ဒေသတွေမှ ၎င်းတို့ရဲ့ တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းသွားရမှာ ဖြစ်ပါတယ်။

**အင်န်အိတ်ချ်ကေ**

**အင်ဒိုနီးရှားနိုင်ငံက လာမယ့် ငါးနှစ်အတွင်း စက်သုံးဆီ ကိုယ်တိုင်ထုတ်လုပ်နိုင်ရေး ရည်မှန်း**

**ဇန်နဝါရီ ၂၀**

အင်ဒိုနီးရှားအစိုးရက လာမယ့် ငါးနှစ်အတွင်း စက်သုံးဆီတင်သွင်းမှုတွေကို ရပ်ဆိုင်းတော့မှာဖြစ်တယ်လို့ သမ္မတပရာဘိုဝိုစုရီယန်တိုးက ဇန်နဝါရီ ၂၀ ရက်က ပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံက ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနဲ့ ပြည်သူလူထုရဲ့ ဘဝအဆင့်အတန်းကို မြှင့်တင်ဖို့ သဘာဝသယံဇာတတွေကို ကုန်ချောနဲ့ စက်မှုထုတ်ကုန်တွေအဖြစ် ပြောင်းလဲဖို့ အဓိကထားလုပ်ဆောင်ရမှာ ဖြစ်တယ်လို့ ၎င်းက ဆက်ပြောပါတယ်။ **ဆင်ဟွာ**



**အီသီယိုးပီးယားနိုင်ငံက ခြောက်လအတွင်း ကော်ဖီတင်ပို့မှုမှ ကန်ဒေါ်လာ ၉၀၈ သန်း ရရှိ**

**ဇန်နဝါရီ ၂၀**

အီသီယိုးပီးယားနိုင်ငံက လွန်ခဲ့တဲ့ ခြောက်လအတွင်း ကော်ဖီတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၀၈ သန်း ရရှိတယ်လို့ ဇန်နဝါရီ ၂၀ ရက်က နိုင်ငံပိုင်အီသီယိုးပီးယားသတင်းအေဂျင်စီရဲ့ အစီရင်ခံဖော်ပြချက်အရ သိရပါတယ်။ အီသီယိုးပီးယားနိုင်ငံက ဇူလိုင် ၈ ရက်တွင် စတင်ခဲ့တဲ့ ၂၀၂၄/၂၀၂၅ အီသီယိုးပီးယားဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း ကော်ဖီတန်ချိန် ၂၀၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

အီသီယိုးပီးယားနိုင်ငံက ယခင် ဘဏ္ဍာနှစ်မှာ ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရရှိခဲ့ပါတယ်။ **ဆင်ဟွာ**

**ကင်ညာနိုင်ငံ၌ စားရေရိက္ခာမလုံလောက်သူနဲ့ လူသားချင်းစာနာမှုမှ အကူအညီလိုအပ်သူ ၁ ဒသမ ၈ သန်းရှိ**

**ဇန်နဝါရီ ၂၁**

ကင်ညာနိုင်ငံမှာ စားရေရိက္ခာမလုံလောက်သူနဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်သူ အရေအတွက်မှာ ၁ ဒသမ ၈ သန်းရှိတယ်လို့ အမျိုးသားမိုးခေါင်ရေရှားမှုဆိုင်ရာ စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ဇန်နဝါရီ ၂၁ ရက်တွင် ပြောပါတယ်။

မန်ဒါရာ၊ မာဆာဘစ်၊ ဆမ်ဘူရူ၊ ဘာရင်ဂိုနှင့် တာကန်နာ စသည့်ဒေသများအပါအဝင် မိုးနည်းတဲ့ဒေသ အများအပြားမှာ ပြင်းထန်တဲ့ အာဟာရချို့တဲ့မှုမှာ မြင့်မားနေဆဲဖြစ်ပါတယ်။ **ဆင်ဟွာ**

**ကွန်ဂိုနိုင်ငံ၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် ယခုနှစ် အစပိုင်းမှစတင်ကာ လူပေါင်းလေးသိန်းကျော် နေရပ်စွန့်ခွာ**

**ဇန်နဝါရီ ၂၄**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတ (ဒီအာရ်စီ) နိုင်ငံ အရှေ့ပိုင်းတွင် ပဋိပက္ခဖြစ်ပွားမှု ပြင်းထန်လာတဲ့ အတွက် ယခုနှစ်အစပိုင်းမှစတင်ကာ လူပေါင်းလေးသိန်းကျော် နေရပ်စွန့်ခွာခဲ့ကြရတယ်လို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ဇန်နဝါရီ ၂၄ ရက်မှာ ပြောပါတယ်။

ပြင်းထန်တဲ့ ပဋိပက္ခဖြစ်ပွားမှုနဲ့ ကြုံတွေ့နေရသော ဂိုမ၊ ဆာကီနှင့် ကလဲဟီ စတဲ့ ဇုန်သုံးခုကြားရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လမ်းကြောင်းအားလုံးကို ဖြတ်တောက်ထားတယ်လို့ ယူအင်န်အိတ်ချ် စီအာရ်က ပြောပါတယ်။ **ဆင်ဟွာ**

# မိတ္ထီလာနှင့် ဝမ်းတွင်းမြို့နယ်တို့၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့်တွေ့ဆုံ



**ဝမ်းတွင်း ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးရွှေဇင်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂ ရက်က ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ ဝမ်းတွင်းမြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ မိတ္ထီလာမြို့နယ်၊ ကန်နီကျေးရွာနှင့် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ၊ ရွာရှည်ကျေးရွာနှင့် ကျွတ်ကန်ကျေးရွာတို့ရှိ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့သည် ကန်နီကျေးရွာ၌ နွေစပါး ၇၅ ဧက စိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောရာတွင် မိတ္ထီလာခရိုင်အား စံပြခရိုင်ဖြစ်စေရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍသည် အရေးကြီးသောကြောင့် တောင်သူများနှင့်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ တောင်သူများက နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ပေးရန်နှင့် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တောင်သူများက လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြ ဆွေးနွေးကြရန်ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများက နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်များကို ဆွေးနွေးခဲ့ပြီး တောင်သူများ၏ အခက်အခဲတင်ပြမှုများအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များနှင့်အတူ မြေတိုင်ကန်ကျေးရွာ၌ နွေနှမ်းဧက ၁၀၀၊ ပဲတီစိမ်းဧက ၂၀ စိုက်ပျိုးမည့် တောင်သူများနှင့် ရွာရှည်ကျေးရွာနှင့် ကျွတ်ကန်ကျေးရွာရှိ နွေစပါးဧက ၂၀၀ စိုက်ပျိုးမည့် တောင်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ထမ္မနိုင်-ကျွဲလူးအိုင်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ကော့မှူး ဖေဖော်ဝါရီ ၂**

၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေပြီး ထွက်ကုန်များ အချိန်နှင့်တစ်ပြေးညီ ဈေးကွက်သို့ရောက်ရှိစေရေးနှင့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထမ္မနိုင်-ကျွဲလူးအိုင်တံတား ပေ ၆၀ တည်ဆောက်ခြင်းလုပ်ငန်းကို ယနေ့နံနက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်အေးအေးခိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တံတားတည်ဆောက်နေမှုမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **ကျော်သူရ(ကော့မှူး)**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ကလောခရိုင် ဖယ်ခုံမြို့နယ်အတွင်း လျှပ်စစ်မီးပြန်လည်ရရှိ

**ကလော ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်း ရုံးဌာနများ၊ ပြည်သူလူထုများ ပြန်လည်ရောက်ရှိနေရာချထားလျက်ရှိရာ ဒေသခံပြည်သူလူထုများ အဆင်ပြေနေထိုင်နိုင်စေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အဓိကအရေးပါသော လျှပ်စစ်မီးရရှိရေးလုပ်ငန်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် စီမံဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်နံနက်ပိုင်းက ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ကြီးကြပ်စီမံဆောင်ရွက်မှုကြောင့် ဖယ်ခုံမြို့နယ်အတွင်း ယနေ့နံနက် ၁၀ နာရီခွဲမှစတင်ကာ လျှပ်စစ်မီးပြန်လည်ရရှိနေပြီဖြစ်ကြောင်း ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ထိုသို့ ဖယ်ခုံမြို့နယ်အတွင်း လျှပ်စစ်မီးရရှိစေရေးအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ ခေတ္တကလောခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးငြိမ်းချမ်း၊ ဖယ်ခုံမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်ဇော်ဖြိုးနှင့် လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်း၍ ဇန်နဝါရီ ၁၈ ရက်မှ လျှပ်စစ်မီးသွယ်တန်းခြင်း စတင်ဆောင်ရွက်ခဲ့ပြီး ၃၃ ကေဗွီပင်လောင်းဓာတ်အားခွဲရုံမှ ၁၁ ကေဗွီဓာတ်အားလိုင်းဖြင့် ဖယ်ခုံမြို့သို့ လျှပ်စီးမီးဓာတ်အားလိုင်းကို သွယ်တန်းဆောင်ရွက်ပေးခဲ့ရာ ဖေဖော်ဝါရီ ၂ ရက် ၁၀ နာရီခွဲတွင် လျှပ်စစ်မီးစတင် လွှတ်ပေးခဲ့သည်။

ဖယ်ခုံမြို့သို့ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ဖေဖော်ဝါရီလကုန်တွင် ရရှိရေးစီမံထားသော်လည်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှု၊ လျှပ်စစ်ဝန်ထမ်းများ၏ နေ့/ည ကြိုးစားဆောင်ရွက်မှုကြောင့် ဖေဖော်ဝါရီ ၇ ရက် ရှမ်းပြည်နယ်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လျှပ်စစ်မီးပြန်လည်ရရှိပြီဖြစ်ရာ ဒေသခံပြည်သူများက ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဟုမ္မလင်းမြို့နယ် ဟူပက်ကျေးရွာအုပ်စု၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး



**ဟုမ္မလင်း ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဟူပက်ကျေးရွာအုပ်စု၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဟုမ္မလင်းမြို့နယ် ဟူပက်ကျေးရွာအုပ်စု ဟူပက်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၂/၀)မိုင် (၁၂' x၂' - ၉") မြေသားတာပေါင်တင် ဂျင်းခင်းခြင်းလုပ်ငန်းနှင့် Box Culvert သုံးစင်း (၅'x ၁၈'x ၅') တည်ဆောက်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၈၀ ဒသမ ၄၈၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး မြေပြင်တွင် လုပ်ငန်း၏ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

## ဘိုကလေးမြို့နယ်၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ကျင်းပ

**ဘိုကလေး ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မိုးက ရေဝပ်ဒေသများနေ့ အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်သည်များ၊ မိန်းမလှကျွန်းဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏကြည်က မြန်မာနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသများအကြောင်း၊ ရေဝပ်ဒေသ၏ အဓိပ္ပာယ်နှင့် သမိုင်းကြောင်းများ၊ ရေဝပ်ဒေသများ ထိန်းသိမ်းရခြင်း၏ ရည်ရွယ်ချက်၊ ထိန်းသိမ်းကာကွယ်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရေ့ဆက်ဖော်ဆောင်ကြမည့် လုပ်ငန်းစဉ်များကို ဒေသအခြေပြုအဖွဲ့များကလည်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**



## ပေါင်းတည်၌ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးသူ များပြားလာ

**ပေါင်းတည် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ကောက်စိုက်စက်များဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများသည် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ရွေးချယ်၍ ပေါင်စနစ်ဖြင့် ပျိုးထောင်လျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် ကောက်စိုက်စက်ကြီးများဖြင့်လည်းကောင်း၊ တစ်နိုင်တစ်ပိုင်လေးတန်းသွား၊ ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်များဖြင့်လည်းကောင်း နွေစပါးစိုက်ပျိုးသူများပြားလာကြောင်းသိရပြီး ထိုသို့ကောက်စိုက်စက်ဖြင့်စိုက်ပျိုးမည့် တောင်သူများသည် ဦးစွာမျိုးစေ့ရွေးချယ်၍ ပျိုးဗန်းများ၊ ပျိုးပေါင်များဖြင့် ပျိုးထောင်ကာ သတ်မှတ်ပျိုးသက်တမ်းပြည့်လျှင် ကောက်စိုက်စက်ထဲ ထည့်သွင်းစိုက်ပျိုးကြသည်။

တောင်သူများအနေဖြင့် ပေါင်စနစ်ပျိုးထောင်ကာ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးပါက အချိန်တိုအတွင်း ပြီးစီးနိုင်ခြင်း၊ လုပ်အားခအပါအဝင် အထွေထွေကုန်ကျစရိတ်များ သက်သာစေကာ စိုက်ခင်းမြေဆီမြေနှစ် ယုတ်လျော့မှုနည်းပါးခြင်းကြောင့် ကောက်ပင်များသည် မြေဆီဩဇာလုံလောက်စွာရရှိပြီး အရည်အသွေးမြင့်စပါးများ သီး၍ အထွက်နှုန်းလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်

## ပြင်ဦးလွင်မြို့ရှိ ကတ္တရာလမ်းပေါ်တင်နေသော သဲ၊ ဖုန်များအား ရေဖျန်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့တွင်းလမ်းမကြီးတစ်လျှောက် မြို့တွင်းလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ဖေဖော်ဝါရီ ၁ ရက်က ဂန္ဓမာမြိုင်အဝိုင်းမှ မြို့ပတ်လမ်းအတိုင်း စုပေါင်းလမ်းဆုံအထိ ရေဖျန်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးတို့က ကြည့်ရှုစစ်ဆေးခဲ့ပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်သည့် နန္ဒာလမ်းဘေး ဝဲ/ယာတစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ညောင်လေးပင်မြို့နယ်၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ညောင်လေးပင် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်လေးပင်မြို့နယ် ဝါးပတောကျေးရွာအုပ်စု ဇီးကန်(အရှေ့)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဇီးကန် (အရှေ့)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများ၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဇီးကန်(အရှေ့)ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၉၀၊ အကျယ် သုံးပေ၊ ၃ ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ၀ ဒသမ ၃၄၃ သန်းကို အသုံးပြုကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ညည



## ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

ဒက္ခိဏသီရိ ဖေဖော်ဝါရီ ၂

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၃၁ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ညောင်ကုန်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်နှင့် တာဝန်ရှိသူများသည် ညောင်ကုန်းကျေးရွာ၌ အရှည် ၁ မိုင် ၁ ဒသမ ၁၈၉ ဖာလုံ၊ အကျယ် ၁၂ ပေ၊ မြေသား တစ်ပေ ၃ ရိစာ ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် မြေသားလမ်းရိုးစာခင်းခြင်းလုပ်ငန်း အမျိုးအစားဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၉၅ သန်း အကုန်အကျခံ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်သည်။

မောင်ခိုင်

## ဆင်ပေါင်ဝဲမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဖေဖော်ဝါရီ ၁ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့်အတူ သန်ချဆေးတိုက်ကျွေးခြင်း၊ အဏုအာဟာရမှုန့်များ ပေးအပ်ကြောင်း သိရသည်။



ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ညောင်ရွှေမြို့နယ်၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ညောင်ရွှေ ဖေဖော်ဝါရီ ၂

အနာဂတ်ဘဝဖူလုံဖို့ ရေဝပ်ဒေသများကာကွယ်စို့ ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျေးရွာရှိ MAB-EEC ဇီဝအဝန်းနယ်မြေ ပညာပေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးက ကမ္ဘာ့ရေဝပ်ဒေသများနေ့ အခမ်းအနားကျင်းပရခြင်းအကြောင်း၊ ကမ္ဘာ့ရေဝပ်ဒေသများနေ့နှင့် ရမ်ဆာကွန်ဗင်းရှင်းဖြစ်ပေါ်လာပုံ၊ ရေဝပ်ဒေသများ၏ ဝန်ဆောင်မှုများ၊ မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများ ထိန်းသိမ်းဆောင်ရွက်မှုအခြေအနေ၊ အင်းလေးကန်ရေဝပ်ဒေသအကြောင်း၊ ရေဝပ်ဒေသစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဖွဲ့စည်းခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေဝပ်ဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေး ဗီဒီယိုမှတ်တမ်းကိုပြသခဲ့ပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ရေဝပ်ဒေသထိန်းသိမ်းရေး လုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သူများအား ပြည်နယ်သစ်တောဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် ကျောင်းသားကျောင်းသူများက ခင်းကျင်းပြသထားသည့် ရေဝပ်ဒေသထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးပြခန်းကို ကြည့်ရှုလေ့လာခဲ့ကြသည်။

စိုင်းအယ်ဘဲ



## ရန်ကုန်မြို့တွင်းနှင့် သီလဝါစက်မှုဇုန်ရှိ ဆီသိုလှောင်ကန်များ၌ စားသုံးဆီသိုလှောင်ထားမှုအခြေအနေ ကွင်းဆင်းစစ်ဆေး




ရန်ကုန် ဖေဖော်ဝါရီ ၂

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးနှင့် စားသုံးဆီစစ်ဆေးကြပ်မတ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၃၁ ရက်က ရန်ကုန်မြို့အတွင်းရှိ ဆီသိုလှောင်ကန်များနှင့် သီလဝါစက်မှုဇုန်ရှိ ဆီသိုလှောင်ကန်များသို့ သွားရောက်စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဆီစားသုံးသူပြည်သူများ ကျန်းမာရေးနှင့်အညီ ဆီစားသုံးနိုင်ရန် ဆီများ သိုလှောင်ထားမှုအခြေအနေ၊ ဆီတင်နိုင်ငံခြားသင်္ဘောကြီးများရောက်ရှိပြီး ဆီသိုလှောင်ကန်များအတွင်း သိုလှောင်ထည့်သွင်းနေမှုနှင့် ဆီကန်များမှဆီများ ဖြန့်ဖြူးပေးနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ကိုကိုဇော်(MNA)

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**



# ရန်ကုန်တိုင်းဒေသကြီး၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်(၂၀)သင်တန်းဆင်းလက်မှတ်များ ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ရှေ့လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးချိုက ကျေးဇူးတင်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် သင်တန်းဆရာများက သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။(ဓာတ်ပုံ)

"ငွေကြေးခဝါချမှုနည်းပုံစံ" များဖြစ်သည့် အိမ်ခြံ/မြေ/မော်တော်ယာဉ်စသည့် အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း၊ ငွေကြေးလဲလှယ်ခြင်းနှင့် ငွေသားပြောင်းလဲခြင်း၊ တရားဝင်နှင့် တရားမဝင်ငွေကြေးများကို ရောနှောပြသခြင်း၊ အမည်ခံ/ဘဏ္ဍာထိန်း/မိသားစုဝင်/တတိယ အဖွဲ့အစည်းများ အသုံးပြုခြင်း၊ သဏ္ဍာန်ဆောင်ကုမ္ပဏီများကို အသုံးပြုခြင်း၊ ငွေဆက်သားကို အသုံးပြုခြင်း၊ ကုန်သွယ်မှုအသုံးပြုခြင်း၊ လောင်းကစား(ထီ) အသုံးပြုခြင်း၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို အသုံးပြုခြင်းများ သင်ကြားပို့ချပေးသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိရာ ယခုဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသား ၁၃၀ ကျော် တက်ရောက်သည်။

အောင်မြင့်
(ပြန်/ဆက်)

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV– HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်မှုတွင် ယခုအခါ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုအစီအစဉ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် (သောကြာနေ့) ညတွင် Tai Selection Music Band အဖွဲ့နှင့်အတူ ရှမ်းတိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်း သီဆိုမည့် **"ကမ္ဘောဇမြေ ချယ်ရီဝေ"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၇–၂–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ "ကမ္ဘောဇမြေ ချယ်ရီဝေ" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၄)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သာယာလှပကမ္ဘောဇ | Group Song |
| ၂။ | ပါဝင်စေချင်တယ် | တိုင်းရင်းသားအဆိုရှင် |
| ၃။ | ချယ်ရီသက်သေမောင့်မျက်ရည် | တိုင်းရင်းသားအဆိုရှင် |
| ၄။ | ရှမ်းပြည်မှစောင့်ကြိုလျက်ပါ | တိုင်းရင်းသူအဆိုရှင် |
| ၅။ | ချစ်တဲ့ရှမ်းရိုးမ | တိုင်းရင်းသားအဆိုရှင် |
| ၆။ | စိုင်းရဲ့တောရွာကလေး | တိုင်းရင်းသားအဆိုရှင် |
| ၇။ | နေရာတိုင်းမှာ | တိုင်းရင်းသူအဆိုရှင် |
| ၈။ | ချစ်တဲ့ရှမ်းပြည် | တိုင်းရင်းသားအဆိုရှင် |
| ၉။ | သူငယ်ချင်းများသို့ | တိုင်းရင်းသားအဆိုရှင် |
| ၁၀။ | ကိုသိပ်ရက်စက်တယ် | တိုင်းရင်းသူအဆိုရှင် |
| ၁၁။ | စိုင်းရဲ့အချစ် | တိုင်းရင်းသားအဆိုရှင် |
| ၁၂။ | မရှိတော့ဘူးထင်တယ် | တိုင်းရင်းသူအဆိုရှင် |
| ၁၃။ | အချစ်ဆိုတာလျှို့ဝှက်ချက်တစ်ခုပါ | တိုင်းရင်းသားအဆိုရှင် |
| ၁၄။ | တို့တောင်ပေါ်ကိုဖိတ်ခေါ်ပါတယ် | တိုင်းရင်းသား/သူအဆိုရှင် |

## သာစည်မြို့မရဲစခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြ

**သာစည် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြို့မရဲစခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများ ဆောင်ရွက်သည်။

ဦးစွာ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးစိုးမြင့်ထွေးက တက်ရောက်လာသော တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်သည် မိသားစုဝင်များအား ပွင့်လင်းရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်ရာ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးမှုများကို မှတ်သားပြီး လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများအကြောင်း အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူး အသုံးပြုနည်းပြသကာ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်သည်။ **မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဖေဖော်ဝါရီလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့်နှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ နှစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင်တစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**



# မွန်ပြည်နယ် မီးသတ်ဦးစီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂**

မြန်မာ့ရိုးရာဓလေ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းတတ်စေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်တတ်စေရန်၊ တစ်ဦးနှင့် တစ်ဦး ကူညီရိုင်းပင်းလိုစိတ်များ ဖြစ်ပေါ်လာစေရန် နှင့် အဖွဲ့အစည်းစိတ်ဓာတ် ခိုင်မာအားကောင်း စေရန်ရည်ရွယ်၍ ပြည်နယ် မီးသတ်ဦးစီးဌာန၏ မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်မီးသတ်ဦးစီးဌာန၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် မီးသတ်ဦးစီးမှူး ဦးမျိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ၁၀ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း သုံးသင်း၏ မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ရိုးရာထမနဲထိုးယှဉ်ပြိုင်နေမှုကို ပြည်နယ် မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူတို့က ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

ထို့နောက် ပထမဆုရ (သထုံ ကျိုက်ထို၊ ဘီးလင်း) အဖွဲ့၂နှင့် နှစ်သိမ့်ဆုရ အဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# မြစ်သားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

**မြစ်သား ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သား မြို့ မြို့နယ်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်က မီးဘေး လုံခြုံရေး၊မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပူးပေါင်းသရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ အခမ်းအနားသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဘိုဘိုအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးဝင်းနှင့် တပ်ဖွဲ့ဝင်၊ မိသားစုဝင်များ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ဆီဆိုင်မြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲကျင်းပ

**ဆီဆိုင် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူခိုင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) လျှောက်ထားမှုလုပ်ငန်းစဉ်များ၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ ပုံစံ(၇)ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို ပေးအပ်ရာ တက်ရောက်လာကြသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာတာဝန်ခံများနှင့် ဒေသခံတောင်သူများက လက်ခံရယူပြီး **(အောက်ပုံ)** တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၇)အုပ်စုမှ တောင်သူ ၆၂၁ ဦး၊ ဦးပိုင်၈၀၅ ခု၊ လယ်ယာမြေ ၂၇၈၃ ဒသမ ၃၃ ဧကကို ဒေသခံတောင်သူများထံသို့ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာ ရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း




မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး၊ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် **ကြိုတင်ပြင်ဆင်အောင်ပွဲဝင် နမူနာမေးခွန်း လေ့ကျင့်ခန်းများနှင့် အဖြေစုံကို** ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade-9

### Section (A) Listening

I. **Listen to the following dialogue and choose the answer a or b.** (5 marks)

1. During cooking, you may need to ............. or turn the food.
   (a) shake (b) flip
2. When the cooking time ends, the timer will .............
   (a) ring (b) beep
3. After cooking, pull out the .............. and release the basket. (a) pan (b) tray
4. Air-fried foods are considered .............. than deep-fried foods. (a) healthier (b) crunchier
5. These foods contain significantly less ..............
   (a) oil (b) salt

### Section (B) Reading

II. **Answer the following questions in full sentences.** (10 marks)

1. Mention the physical activities we should do to be healthy.
2. Why should we engage in more physical activities?
3. What are the health problems caused by obesity?
4. What does a balanced diet consist of?
5. What should people do if they become overweight?

### Section (C) Writing

III. **Fill each blank with the appropriate word. The initial letters are given to help you.** (5 marks)

1. S.............. and resistance exercises keep muscles strong.
2. Weightlifting and s.............. are examples of resistance exercises.
3. W.............. exercises like jogging keep bones strong.
4. You do not need to worry about the c.............. of doing exercise.
5. Free hand exercises like s.............. are effective.

**Answer Keys**

I. 1. (a) shake 2. (b) beep 3. (a) pan
4. (a) healthier 5. (a) oil

II.
1. The physical activities we should do to be healthy are walking, cycling or swimming.
2. We should engage in more physical activities to feel better.
3. The health problems caused by obesity are heart disease, diabetes, high blood pressure and certain forms of cancers.
4. A balanced diet consists of a little meat, some dairy products and a lot of fruits, vegetables and grains.
5. If people become overweight, they should take some weight-loss medications on the doctor's recommendations.

III. 1. Strength 2. swimming
3. Weight-bearing 4. cost 5. squats

## Grade-10

I.(A) **Complete the sentences with the correct forms of the words in brackets.** (5 marks)

1. As you grow older, your spine (**short**) by about an inch.
2. A good degree is a minimum (**require**) for many jobs.
3. Equality is the (**essential**) of democracy.
4. He wondered if the girl behind the (**counting**) recognized him.
5. The archaeologists had made an important (**discovered**).

I.(B) **Complete each sentence with the appropriate word given in the box. There are two extras.** (5 marks)

| | | | |
|---|---|---|---|
| for | knowledge | straightforward | |
| another | in | task | knows |

6. Continuous raining makes me have .............. cup of coffee.
7. I was given the .............. of building a fire.
8. Soe Kyaw was tough, but always .............. and fair.
9. I've got a present .............. you.
10. He did not have much .............. of Myanmar history.

**Answer Keys**

I. (A) 1. shortens 2. requirement 3. essence
4. counter 5. discovery

I. (B) 6. another 7. task 8. straightforward
9. for 10. knowledge

## Grade-11

I. **Complete the sentences with the correct forms of the words in brackets.** (10 marks)

1. You don't have any (**choose**), You have to go to the meeting.
2. I've only been learning Chinese for a year, so I'm really a (**begin**).
3. This chair is rather (**comfort**). Would you like to sit in that one over there?
4. They have a special entrance for (**able**) visitors.
5. My sister was full of (**admire**) for the plan I had come up with.
6. People don't always show their true (**feel**).
7. There was a lot of (**excite**) when the prince got out of the car and went to the fans.
8. This is quite a (**noise**) neighbourhood. I wouldn't want to live here.
9. He told me it wasn't very (**danger**) to swim in that lake.
10. There has been an increase in (**pollute**) in the last 40 years.

**Answer Keys**

I. 1. choice 2. beginner 3. comfortable 4. disabled
5. admiration 6. feeling 7. excitement
8. noisy 9. dangerous 10. pollution

## Grade-12

I. (A) **Complete the dialogue with the expressions given in the box. There is an extra.** (5 marks)

| |
|---|
| I have a couple of leads |
| I want to save money |
| That's the kind of job |
| Anything interesting |
| it's probably not as much work |
| that sounds fantastic |

Tun Tun : Guess what? I've found a summer job!
Nilar : That's great! ....... (1) .......?
Tun Tun : Yes, working at a beach resort.
Nilar : Wow, ....... (2) .......!
Tun Tun : So, have you found anything?
Nilar : Nothing yet, but ....... (3) ......... One is working as an intern for a news website mostly answering emails and posts from readers. Or I can get a job as a camp counselor again.
Tun Tun : Being an intern sounds more challenging than working at a summer camp. You could earn college credits, and ....... (4) .......
Nilar : Yeah, but the internship doesn't pay as much as the summer camp job. Do they have another opening at the beach resort? ....... (5) ....... I'd really enjoy.

I. (B) **Complete the exchanges using the expressions given in the box. There is an extra.** (5 marks)

| |
|---|
| The teacher told me that my note-taking skill is poor. |
| I have to drive at nights. |
| Ask locals for guidance |
| proteins and fats |
| I like to have dinner. |
| How can I overcome it? |

6. A: ....... (6) ....... What shall I do?
   B: Try to use abbreviations and review and organize notes regularly.
7. A: ....... (7) .......
   B: Use headlights appropriately, reduce speed, and be cautious in low-light conditions.
8. A: I am not familiar with the public transportation.
   B: ....... (8) ......., and use navigation apps.
9. A: I have fear of rejection. ....... (9) .......
   B: Build self-confidence, practise self-love, and approach social situations with a positive mindset.
10. A: My friend is suffering from poor nutrition.
    B: Fuel your body with a balanced diet, incorporating the right mix of carbohydrates, ....... (10) .......

**Answer Keys**

I.(A)1. Anything interesting
2. that sounds fantastic
3. I have a couple of leads
4. it's probably not as much work
5. That's the kind of job

(B) 6. The teacher told me that my note-taking skill is poor.
7. I have to drive at nights.
8. Ask locals for guidance
9. How can I overcome it?
10. proteins and fats

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၂၄) မှ ချယ်ဆီးနဲ့ ဝက်စ်ဟမ်းအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်မှာ နှစ်သင်းစလုံး နိုင်ပွဲပျောက်ဆုံးထားတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှု ဖြစ်တာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

**ပရီမီယာလိဂ်ပွဲစဉ် (၂၄)**
**၄-၂-၂၀၂၅ အင်္ဂါနေ့**
**ချယ်ဆီး – ဝက်စ်ဟမ်း**
**နံနက် ၂:၃၀**

# ပြင်းထန်တဲ့ အားပြိုင်မှု မြင်တွေ့ရဦးမယ့် ချယ်ဆီးနဲ့ ဝက်စ်ဟမ်း



ပဲလ်မာ (၂၂ နှစ်)

**ချယ်ဆီး (တိုက်စစ်)**

၂၃ ပွဲကစား၊ ၁၄ ဂိုးသွင်း

**ချယ်ဆီး Vs ဝက်စ်ဟမ်း**

ချယ်ဆီးက ရာသီအစပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကောင်းပြသထားနိုင်ပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိဘူး။ ပြိုင်ပွဲစုံ နောက်ဆုံးရှစ်ပွဲမှာ နှစ်ပွဲသာ နိုင်ပွဲရတဲ့အထိ ခြေစွမ်းကျဆင်းသွားတယ်။ ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းက ပုံမှန်ခြေစွမ်းပြသဖို့ ရုန်းကန်နေရတဲ့အသင်းဖြစ်ပြီး ပြိုင်ပွဲစုံ နောက်ဆုံး ခြောက်ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရထားတယ်။ မည်သို့ပင်ဆိုစေ ချယ်ဆီးရော ဝက်စ်ဟမ်းအသင်းပါ ပြီးခဲ့တဲ့ပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးထားတာကြောင့် ဒီပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲရရေးကို ဦးတည်လာမှာ သေချာတယ်။ တိုက်စစ်ပိုင်း အားသာတဲ့ ချယ်ဆီးကို ခံစစ်ပိုင်း အားနည်းတဲ့ ဝက်စ်ဟမ်းအသင်း အနိုင်ယူ ကျော်ဖြတ်ဖို့ မလွယ်ဘူး။



ပါကွီတာ (၂၇ နှစ်)

**ဝက်စ်ဟမ်း(ကွင်းလယ်တိုက်စစ်)**

၂၂ ပွဲကစား၊ ၄ ဂိုးသွင်း

**ချယ်ဆီးနဲ့ ဝက်စ်ဟမ်းအသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးပွဲရလဒ်**

| | | | | | |
|---|---|---|---|---|---|
| ဝက်စ်ဟမ်း | ၀ | - | ၃ | ချယ်ဆီး | ပရီမီယာလိဂ် |
| ချယ်ဆီး | ၅ | - | ၀ | ဝက်စ်ဟမ်း | ပရီမီယာလိဂ် |
| ဝက်စ်ဟမ်း | ၃ | - | ၁ | ချယ်ဆီး | ပရီမီယာလိဂ် |

**ချယ်ဆီးအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | | | | |
|---|---|---|---|---|---|
| ချယ်ဆီး | ၁ | - | ၂ | ဘုန်းမောက် | ၁၅-၁-၂၀၂၅ |
| ချယ်ဆီး | ၃ | - | ၁ | ဝုဖ် | ၂၁-၁-၂၀၂၅ |
| မန်စီးတီး | ၃ | - | ၁ | ချယ်ဆီး | ၂၆-၁-၂၀၂၅ |

**ဝက်စ်ဟမ်းအသင်း နောက်ဆုံးသုံးပွဲရလဒ်**

| | | | | | |
|---|---|---|---|---|---|
| ဝက်စ်ဟမ်း | ၃ | - | ၂ | ဖူလ်ဟမ် | ၁၅-၁-၂၀၂၅ |
| ဝက်စ်ဟမ်း | ၀ | - | ၂ | ခရစ္စတယ်ပဲလေ့စ် | ၁၈-၁-၂၀၂၅ |
| ဗီလာ | ၁ | - | ၁ | ဝက်စ်ဟမ်း | ၂၆-၁-၂၀၂၅ |

## တန်းဆင်းဇုန်ဖိအားရှိသည့် အက်စ်ပန်ညိုက အမှတ်ပေးဇယားဦးဆောင်သူ ရီးရဲမက်ဒရစ်ကို အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၂၂) မှ တန်းဆင်းဇုန်ဖိအားရှိသည့် အက်စ်ပန်ညိုနှင့် အမှတ်ပေးဇယားဦးဆောင်သူ ရီးရဲမက်ဒရစ်အသင်းတို့ပွဲစဉ်တွင် အက်စ်ပန်ညိုအသင်းက ပွဲကစားချိန် ၈၅ မိနစ်တွင် ရရှိခဲ့သော ရိုမီယို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည်။

အက်စ်ပန်ညိုအသင်းသည် ပွဲချိန်တစ်လျှောက် ရီးရဲမက်ဒရစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို အကောင်းဆုံး ဟန့်တားကာကွယ်ခဲ့ရသည်။ ထို့အပြင် အက်စ်ပန်ညိုအသင်းသည် တုံ့ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးကို အမိအရ အသုံးချကာ အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းက ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနှင့် အတူ ပွဲကို တစ်ဖက်သတ်ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လာလီဂါရှုံးပွဲ သုံးပွဲရှိလာပြီး ဒုတိယနေရာမှ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် တစ်မှတ်သာ ကွာဟတော့သည်။

ပြိုင်ဘက် အက်စ်ပန်ညိုအသင်းက ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါနိုင်ပွဲ ခြောက်ပွဲရှိလာပြီ ဖြစ်သည်။



■ အက်စ်ပန်ညိုနှင့် ရီးရဲမက်ဒရစ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

## စီးရီးအေပွဲစဉ် (၂၃) တွင် ဂျူဗင်တပ်စ်က တိုက်စစ်ခြေစွမ်းပြပြီး အမ်ပိုလီကို ဂိုးပြတ်အနိုင်ရ

အီတလီစီးရီးအေ ပွဲစဉ် (၂၃)မှ ဂျူဗင်တပ်စ်နှင့် အမ်ပိုလီအသင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၆ နာရီက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

တန်းဆင်းဇုန်အထက်တွင် ပြတ်သားသော ရလဒ်ဖြင့် ရပ်တည်နိုင်ရေး ခြေကုန်ထုတ်လာသည့် အမ်ပိုလီအသင်းသည် နာမည်ကြီး ဂျူဗင်တပ်စ်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။ ဂျူဗင်တပ်စ်အသင်းသည် ယခု အနိုင်ပွဲကြောင့် စီးရီးအေ နိုင်ပွဲ ကိုးပွဲရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက် အမ်ပိုလီအသင်းက ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် စီးရီးအေ ရှုံးပွဲ ၁၀ ပွဲ ရှိလာပြီ ဖြစ်သည်။

ဖေဖော်ဝါရီ ၂ ရက် နံနက်အစောပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဘိုလော့ဂ်နာနှင့် ကိုမိုအသင်းပွဲစဉ်တွင် ဘိုလော့ဂ်နာအသင်းက နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။ ပွဲကစားချိန် ၃၈ မိနစ်တွင် ကိုမိုအသင်းမှ တောင်ပံကစားသမား ဖာဒါရာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

## လက်ချီခံစစ်ကစားသမား ဒေါ်ဂူကို မန်ယူ ခေါ်ယူ



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လက်ချီအသင်းမှ ဒိန်းမတ်ခံစစ်ကစားသမား ပက်ထရစ် ဒေါ်ဂူကို ငါးနှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

အသက် ၂၀ အရွယ် အဆိုပါ ခံစစ်ကစားသမား၏ ပြောင်းရွှေ့ကြေးမှာ အပိုဆုကြေး ပေါင် ၄ ဒသမ ၁ သန်းအပါအဝင် ပေါင် ၂၅ သန်း ရှိသည်။ ဒေါ်ဂူသည် လက်ချီအသင်းအတွက် ပွဲပေါင်း ၅၇ ပွဲ ပါဝင်ကစားထားသူ ဖြစ်သည်။

ဒေါ်ဂူသည် ယခုအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းမှ အင်္ဂလန် ယူ-၁၉ ကစားသမား ဟဲဗင်ပြီးနောက် အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာသည့် ဒုတိယမြောက် ကစားသမား ဖြစ်လာသည်။



## လန်းစ်ခံစစ်ကစားသမား ဒန်ဆိုကို စပါး အငှားခေါ်ယူ

စပါးအသင်းသည် ပြင်သစ်ကလပ် လန်းစ်ခံစစ်ကစားသမား ကီဗင်ဒန်ဆိုကို အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် အဆိုပါ ခံစစ်ကစားသမားကို ဝုဖ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ကစားသမားက စပါးအသင်းသို့ ပြောင်းရွှေ့ရန် ရွေးချယ်ခဲ့သည်။

၎င်းသည် ယခုနှစ်ရာသီတွင် လန်းစ်အသင်းအတွက် ၁၄ ပွဲ ပါဝင်ကစားထားသည်။ ဒန်ဆိုသည် ၂၀၁၉-၂၀၂၀ ရာသီတွင် ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်း၌ အငှားကစားဖူးကြောင်း သိရသည်။

## အက်စ်တွန်ဗီလာအသင်းက ပီအက်စ်ဂျီအသင်း ခံစစ်ကစားသမား အေဆန်စီယိုကို အငှားခေါ်ယူမည်



အက်စ်တွန်ဗီလာအသင်းသည် ပီအက်စ်ဂျီအသင်းမှ စပိန် ကွင်းလယ်ကစားသမား မာကိုအေဆန်စီယိုကို ရာသီကုန်အထိ အငှားခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန်ယူအသင်းမှ တိုက်စစ်ကစားသမား မားကပ်စ်ရက်ဖို့ဒ်သည်လည်း အက်စ်တွန်ဗီလာအသင်းသို့ အငှားပြောင်းရွှေ့ကစားမည်ဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် လီဗန်တေးအသင်းမှ စပိန်ဗဟိုခံစစ်ကစားသမား အန်းဒရစ်စ် ဂါစီယာနှင့် ဒေါ့မွန်အသင်းမှ နယ်သာလန်တိုက်စစ်ကစားသမား ဒွန်ယေးလ်မာလင်းကို စာချုပ်ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

အသက် ၂၉ နှစ်အရွယ် အေဆန်စီယိုသည် ၂၀၂၃ ခုနှစ်နွေရာသီတွင် ရီးရဲမက်ဒရစ်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ၄၇ ပွဲပါဝင်ကစားထားကာ ခုနစ် ဂိုးသွင်းယူပေးထားသည်။

■ မိုးဇက် – စုစည်းသည်

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန် ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တု ပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြု ရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အမိုးအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

Developed and Printed by;

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






**နေပြည်တော် ဖေဖော်ဝါရီ ၂**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chenglong Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ နောင်ပလိန်လမ်း လှာကမြင်ပန်းခြံအနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၂၄ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၈၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၈၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၃၇၁ တန်၊ အခြားသစ် ၁ ဒသမ ၇၆၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၀၀၁၅ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၃၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဟုမ္မလင်းမြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၅၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန် – မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၃၆၆/၆) တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ankai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၂၃၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ်၃၇၈၆၃၉၀၁၅ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှု များအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပျော်ဘွယ်မြို့နယ်၌ လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ဖေဖော်ဝါရီ ၂ ရက်က လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁ နာရီ ၅ မိနစ်တွင် ပျော်ဘွယ်မြို့နယ် ထန်းတောကြီး ကျေးရွာအုပ်စု ကင်းမကျီးပင် တိုးချဲ့ရပ် ရန်ကုန် – မန္တလေး ကားလမ်းဘေးရှိ ဦးဇော်ဝင်းနိုင် (၄၈)နှစ်၏ ကြက်ခြံ၌ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ ယင်းတော်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ခုနစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မိနစ် ၅၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဖြစ်စဉ်အားစိစစ်ရာ အဆိုပါကြက်ခြံသို့ သွယ်တန်းထားသည့် လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ကြက်မွေးမြူရေးခြံ နှစ်ခြံ၊ CP ကြက်ပေါက် ကောင်ရေ ၆၀၀၀ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သဖြင့် ဇော်ဝင်းနိုင် အား ပျော်ဘွယ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 45W/2768 Luojia ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသိန်း ၁၄/အဂပ(နိုင်)၀၅၇၅ ၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့နယ်၊ ဝါးရုံဆိပ်အုပ်စု၊ အင်းလျားရွာနေ မအင်ကြင်းခိုင် ၇/ပမန(နိုင်)၂၃၆၄၉၅ ၏ မိခင်၊ မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၁၅ ၁၆၄၅ ကိုင်ဆောင်သူ ဒေါ်သီတာဝင်း (ခ)ဒေါ်ခင်သီတာဝင်း အမည်နှစ်မျိုးမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀**

ဦးဝင်းမော် နှင့် ဦးကျော်စိန်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်ပုံ့ပုံ့ထွန်း)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ၆၄-၆၅ လမ်းကြား၊ မြဝတီ မင်းကြီးလမ်း၊ (လ-၁၀/၁၀၂) နေ ဦးကျော်စိန်(ဘ)ဦးရာဇာ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဝင်းမော် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ပုံ့ပုံ့ထွန်း)က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၁၀)၊ ဦးပိုင်အမှတ် (၂)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကအကျယ်အဝန်းရှိ ဦးကျော်စိန် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၁ ရက်(၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွေမာလှိုင် )
ဒုတိယမြို့နယ်တရားသူကြီး(၃)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀ )**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉**

ဦးသန်းဇော်ထူး နှင့် ဒေါ်လှမျိုးနွယ်
(၎င်း၏ အခွင့်ရကိုယ်စားလှယ်စာရသူ (၎င်း၏အထူးကိုယ်စားလှယ်စာ
ဒေါ်ပုံ့ပုံ့ထွန်း) ရသူဒေါ်အေးလွှမ်း)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(က)ရပ်ကွက်၊ အကွက်(လ-၁၀/၁၀၂)၊ ၆၄-၆၅ လမ်းကြား၊ မြဝတီမင်းကြီးလမ်း နေ - ဒေါ်လှမျိုးနွယ်(ဘ) ဦးမောင်လှ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်အေးလွှမ်း) ( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်လှမျိုးနွယ်(ဘ)ဦးမောင်လှ(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်အေးလွှမ်း) သင့်အပေါ်၌ ဦးသန်းဇော်ထူး (၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဒေါ်ပုံ့ပုံ့ထွန်း)က " မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ- ၁၀ )၊ ဦးပိုင်အမှတ်(၆၅) ၊ ဧရိယာ ၀ ဒသမ ၁၁၀၂ ဧက အကျယ်အဝန်းရှိ ဦးမောင်လှ (ဗိုလ်မှူးကြီး အငြိမ်းစား) အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်ချုပ်ချုပ်ဆိုစေသည့် ဒီကရီ"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် ( ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သဲမာဖြိုးဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့ နယ်တရားရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်မှစ၍၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကာလအတွက် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ အမှိုက်သိမ်းဆည်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အောင်မြေသာစံမြို့နယ်နှင့်ချမ်းအေးသာစံမြို့နယ်တို့ အမှိုက်သိမ်းဆည်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါ အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၄-၂- ၂၀၂၅)ရက်၊ (အင်္ဂါနေ့)
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** - (၂၀-၂-၂၀၂၅)ရက်၊ (ကြာသပတေးနေ့) (၀၉:၃၀)မှ(၁၃:၃၀)နာရီအထိ
(ဂ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့** - ( ၂၁ -၂-၂၀၂၅)ရက်၊ (သောကြာနေ့)
(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၃၀၀၀၀/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။
(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ။
(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။
(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။
(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည် -

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။
( ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။
( ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။
(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။
( င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅ စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၁ စင်တီမီတာ) ထက်ပို၍လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏ အမြင့်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သော ပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို မတင်ရ။
( စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။
(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။
( ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။
( ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။
(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာမတပ်ဆင်ရ။
( ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။
( ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။
( ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ် (Ear Phone) အသုံးမပြုရ။
( ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။
(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။
(တ) ရှေ့မီးအနိမ့်ကို နေ့၊ ည အချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ်မောင်းနှင်သူ၏မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။
(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။
( ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။
( ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း | အသက် |
|---|---|---|---|---|
| (က) | စာရင်းကိုင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (အမျိုးသား/အမျိုးသမီး) | (၆) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ | ၃၁-၁-၂၀၂၅ နေ့တွင်(၂၈)နှစ် ထက်မကြီးသူ |
| (ခ) | ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (အမျိုးသား/အမျိုးသမီး) | (၁၇)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (ကွန်ပျူတာ စာစီစာရိုက် ဆောင်ရွက်နိုင်သူ) | ၃၁-၁-၂၀၂၅ နေ့တွင်(၂၈)နှစ် ထက်မကြီးသူ |
| (ဂ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) (အမျိုးသား) | (၆)နေရာ | အခြေခံပညာအလယ်တန်းအဆင့် (ယာဉ်မောင်းလိုင်စင်ရှိရမည်) | ၃၁-၁-၂၀၂၅ နေ့တွင် (၄၅)နှစ် ထက်မကြီးသူ |

၂။ လျှောက်ထားသူသည် -
- (က) အပိုဒ်၁(က)(ခ)ရာထူးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
- (ခ) အပိုဒ်၁(က)(ခ) လျှောက်ထားသူသည်-
  - (၁) ဘွဲ့လက်မှတ်(မူရင်း)(သို့မဟုတ်) ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ထောက်ခံစာ(မူရင်း)တို့အား တင်ပြနိုင်ရမည်။
  - (၂) အမျိုးသားဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ကိုယ်အလေးချိန် ၁၁၀ ပေါင် ရှိရမည်။
  - (၃) အမျိုးသမီးဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၊ ကိုယ်အလေးချိန် ၁၀၀ပေါင် ရှိရမည်။
- (ဂ) အပိုဒ်၁(ဂ) လျှောက်ထားသူသည် ယာဉ်မောင်းလိုင်စင်(ခ)တင်ပြနိုင်ရမည်။
- (ဃ) ဆေးအဆင့် (က)ရှိရမည်။
- (င) လုပ်ငန်းသဘောသဘာဝအရ ကိုယ်အင်္ဂါချို့ယွင်းသူများ မဖြစ်စေရ။
- (စ) နယ်ဘက်တရားရုံးများတွင် အမှုအခင်း ကင်းရှင်းသူဖြစ်ရမည်။
- (ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဇ) ဌာနတွင် အနည်းဆုံး(၁)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
- (ဈ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ စာရင်းကိုင်-၄ နှင့် ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတများကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကို ဆေးစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများပြုလုပ်သွားမည်ဖြစ်သည်။

၄။ ယာဉ်မောင်း-၅ ရာထူးလျှောက်ထားသူများအား ကျွမ်းကျင်မှုစစ်ဆေးပြီးမှသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်သည်။

၅။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများတွင် သတင်းစာ၌ ကြော်ငြာပါဝင်သည့်နေ့မှစ၍ ရယူနိုင်သည်၊ ယင်းသတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၆။ လျှောက်လွှာလျှောက်ထားခြင်းကို လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများသို့ ၂၃-၂-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားရမည်။

၇။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထားစာရွက်စာတမ်းများ ပူးတွဲပါဝင်ရမည်-
- (က) ဘွဲ့လက်မှတ်(မိတ္တူ)၊(၁၀)တန်းအောင်လက်မှတ်(မိတ္တူ)
- (ခ) သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ဃ) အိမ်ထောင်စုစာရင်း(မိတ္တူ)
- (င) ယာဉ်မောင်းလိုင်စင်(မိတ္တူ)နှင့် ပညာအရည်အချင်းအထောက်အထား(မိတ္တူ)(ယာဉ်မောင်း-၅ရာထူးအတွက်သာ)
- (စ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ(မူရင်း)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
- (ဆ) (၂)လအတွင်းရိုက်ထားသော ၁.၅" x ၂" အရွယ် ဓါတ်ပုံ(၅)ပုံ (ဓါတ်ပုံနောက်ဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)
- (ဇ) အိမ်ထောင်မရှိလူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက်(စာရင်းကိုင်-၄ရာထူးနှင့် ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးများအတွက်သာ)
- (ဈ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ခံဝန်ချက်၊
- (ည) ဌာနတွင် (၁)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက်၊
- (ဋ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း/ မိတ္တူ။

၈။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၉။ ရာထူးခေါ်ယူလျှောက်ထားခြင်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနWebsite www.bsi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်၊ ၀၆၇၃-၄၃၁၃၉၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**




### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ နောင်လှိုင်ကျေးရွာအုပ်စု၊ မှိုင်းလုံးကျေးရွာနေ ဦးဘသိန်း၏ သမီး မသက်အိစုဝေ ၁၃/မနန(နိုင်) ၀၃၀၂၈၅၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-650960)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၆၃၉၃၀၇

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/64114 ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်လင်း ၇/ပခန(နိုင်)၃၃၅၄၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ အထက(၅)တွင် အလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်မာလာ(ခ)ဒေါ်မန်သီး ၉/ပဥလ(နိုင်) ၀၀၅၀၆၀၏ ဖခင်ဖြစ်သူအမည်မှာ ဦးရှဲဗဟာဒူး(ခ)ဦးရှဲဗဟာဒူးလင်ဘူး(ခ)ဦးရှဲ(ရ်)ဗဟာဒူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရှဲဗဟာဒူး(ခ)ဦးရှဲဗဟာဒူးလင်ဘူး(ခ)ဦးရှဲ(ရ်)ဗဟာဒူး

### မြေညီတိုက်ခန်းကျယ် အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်းကျယ်ပေါ်ရှိ Mini Condo မြေညီထပ်၊ ထပ်ခိုးပါ (ပေ ၂၈xပေ ၇၀)၊ အမြင့် (၁၉ပေ) အမြန် ရောင်းမည်။

သိန်း (၉၅၀၀) ညှိနှိုင်း။

**စုံစမ်းရန်- ဖုန်း-၀၉-၇၈၆၄၉၉၇၄၅၊ ၀၉-၉၇၁၉၁၆၇၆၄**

### ငွေချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးဥပဒေ အမိန့်-၅ ၊ နည်းဥပဒေ-၂၀ )
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၂

ဦးစံနီ — နှင့် — ဦးချစ် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကြည်ဆင်)

တရားလို — တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်(ဌ-၇)နေ ဦးချစ်(ဘ)ဦးထွန်းအောင်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကြည်ဆင်(ဘ)ဦးတင်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးချစ် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကြည်ဆင်) သင့်အပေါ်၌ ဦးစံနီက "မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်( ဌ- ၇ )၊ ဦးပိုင်အမှတ်(၁၄၆) ၊ ဧရိယာ၀ ဒသမ ၀၅၁ ဧက အကျယ်အဝန်းရှိ ဦးချစ် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုစေသည့်ဒီကရီ" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၁ ရက် ( ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) မွန်းမတည့်မီ( ၁၀:၀၀ ) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာ ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သဲမာဖြိုးဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့ နယ်တရားရုံး

### ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဉဿာမြို့သစ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၃)၊ မြေကွက်အမှတ်(၃၇၄)၊ မြေဧရိယာ(၀ဒသမ၀၆၂)ဧကရှိမြေအား ဒေါ်ချို(ခ) ဒေါ်စိုးစိုးခိုင်မှ သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါ က တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤ ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

### အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ ကဝမြို့နယ်၊ ဇင်ရွေးကုန်းကျေးရွာအုပ်စု၊ ကံကုန်းကျေးရွာနေ မယဉ်ကြည် ၇/ကဝန(နိုင်)၀၉၂၂၆၅ ၏ အမည်မှန်မှာ မရင်ကြည် ဖြစ်ပါကြောင်း။ **မရင်ကြည်**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဦးမင်းကျော်၏ သမီး ကျွန်မ မဥမ္မာကျော် ၁၂/မဂဒ(နိုင်) ၁၃၈၃၀၁ ၏ နိုင်ငံကူးလက်မှတ် MG 132083 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၃၅၂၀၁၄

### ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁-၂၀၂၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)ပါ ဦးထက်အောင် ၁၂/ကမတ(နိုင်) ၀၅၆၂၆၉ နှင့် အများသိစေရန် ကြေညာခြင်း(ကြော်ငြာ)တွင် ဒေါ်ခင်သန္တာကျော်နှင့် ဦးထက်အောင်တို့ လက်ထပ်ပေါင်းသင်းသည့်ရက်ကို ၃-၉-၂၀၁၉ အစား ၃-၉-၂၀၀၉ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၄၄၊ ဦးပိုင်အမှတ်(၅၉+၆၀+၆၇)၊ ၁၇လမ်းနှင့် ၅၈(E) လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ချမ်းမင်း ၉/မမန(နိုင်)၀၁၂၉၈၁ က အမှုတွဲအမှတ်(၆၄၀၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၁-ခ)၊ အကွက်အမည်-ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၃၀/၆၁)၊ ဧရိယာ ၀ဒသမ ၀၂၉ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးမင်းအေးကျော်ပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြိတ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့။**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၅၀၀၂၂, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျူလိုင်မြင့်အောင် ၉/သပက(နိုင်)၀၅၀၇၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5S/3565, KIA SOLUTO, SALOON (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းထွန်း ၈/ခမန(နိုင်)၁၀၉၄၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

### အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 41W/10357 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### မြေကွက်နှင့်အဆောက်အအုံဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၁၁၅၄)ဟုခေါ်တွင် သောမြေတိုင်းရပ်ကွက်အမှတ်(၃၄-FGI)၊ လူနေရပ်ကွက်အမှတ်(မေတ္တာညွှန့်အိမ်ရာ)၊ မြေကွက်အမှတ်(၁၁၅၄)၊ မြေဧရိယာ(၀.၀၃၄)ဧကရှိနှစ်(၆၀)မြေငှားစာချုပ်မြေကွက်နှင့်မြေကွက်ပေါ်ရှိလုံးချင်းတိုက်အပါအဝင် အကျိုးခံစားခွင့်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းသန်းကွယ်လွန်သွားပြီး ဇနီးဖြစ်သူဒေါ်ဥမ္မာမြင့် ၁၂/ဗတထ(နိုင်)၀၃၂၀၆၇မှအမွေဆက်ခံပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းဇော် ၁၂/တမန(နိုင်)၀၇၆၂၄၅ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇-ရက်)အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်းများ ခိုင်လုံစွာယူဆောင်ပြီး ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဝင်းဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဝသန်စည်သူ(LL.B)(D.I.L)(D.B.L)** | **ဒေါ်မြတ်သွယ်ချမ်း(LL.B)(D.B.L)** |
| **အထက်တန်းရှေ့နေ (၅၃၀၀၃)** | **အထက်တန်းရှေ့နေ (၅၅၆၆၈)** |

**ဖုန်း-၀၉-၄၂၁၁၀၁၀၀၆၊ ၀၉-၉၅၇၇၅၂၁၇၉**

### အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ အကွက်အမှတ်(၁၁/၂၈-ခ)၊ အကွက်အမည်-ထားဝယ်စု တောင်ကွင်း၊ ဦးပိုင်အမှတ်(က/၂၉)၊ ဧရိယာ ၀ဒသမ ၀၄၉ ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် (၁)ဦးဟန်ကောင်း၊ (၂)ဦးကြည်ကောင်းတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြိတ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့။**

### အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ အကွက်အမှတ်(၁၁/၂၈-ခ)၊ အကွက်အမည်-ထားဝယ်စု တောင်ကွင်း၊ ဦးပိုင်အမှတ်(ခ/၂၉)၊ ဧရိယာ ၀ဒသမ ၀၂၆ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် (၁)ဦးဟန်ကောင်း၊ (၂)ဦးကြည်ကောင်းတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြိတ်မြို့ နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့။**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/4197၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရှာသာကြီး)

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆) ကွင်း/ အကွက်အမှတ်နှင့်အမည်- RA VI / ကွက်ပြင် (၆)၊ ဦးပိုင်အမှတ်(၉-ခ)၊ မြေယာအမှတ် (၄၈/၂၄၁)၊ ဧရိယာ (၀.၃၁)ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးသက်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ထွန်း (ခ) ဦးခင်တင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၅၁၃၉၃၀၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ဇာနည် (၁၁)လမ်း၊ အမှတ်(၅၉၃)၊ မြေညီထပ်(A) (၁၇ပေx၅၄ပေ)အကျယ်ရှိ ရေမီးစုံတိုက်ခန်း(၁)ခန်းအပါအဝင် တိုက်ခန်းဆက်စပ်စာချုပ်များ နှင့်တကွ မြေ ရှင်အဖြစ်အပ်နှင်းသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးစသည်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဒေါ်နွယ်နီဝင်း(ဘ) ဦးတင်ဝင်း(၈/ပခက(နိုင်)၀၀၅၇၁၇)က တာဝန်ယူလက်မှတ်ရေးထိုး အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေနန္ဒာလှိုင်(ဘ)ဦးလောစီ (ခ)လှမိုး(၉/မဟမ(နိုင်)၀၄၃၂၁၅)သည် အထက်ဖော်ပြပါတိုက်ခန်းအား ရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်တွင် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါ တိုက်ခန်းအပေါ်တွင် ပိုင်ရေးဆိုခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းဝေဖြိုး (LL.B, DBL, DML, DIPL, WIPO SWITZERLAND) တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၆၈၀၁ )**
**အမှတ်(၇၉၁)၊ ဘုန်းကြီးလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ -၇၇၈၉၅၉၅၆၅ ၊**
**Email -hwp.associates@gmail.com**

## မွေးသက္ကရာဇ်အမှန်

ဦးဝင်းနိုင်၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ရွှေလမင်းကိုယ်ပိုင် အထက်တန်းကျောင်း Grade-8 မှမခင်ဖုန်းပြည့်၏ မွေးသက္ကရာဇ် အမှန်မှာ ၆-၁-၂၀၀၈ ဖြစ်ပါကြောင်း။ **မခင်ဖုန်းပြည့်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်(၁၆၄/၂၉၂၅-ဒဟတ်ကန်အနောက်)၊ ဦးပိုင်အမှတ်(၅၈၊၅၉၊၆၂၊၆၃))၊ ဧရိယာ (၀.၁၈၀)ဧကရှိမြေကွက်ကို အမှုတွဲအမှတ်(၁၇၅/၂၀၀၀-၂၀၀၁)အရ ဦးမင်းသော်တာအမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့်(၁-က) စာရင်းရေးသွင်းပါရန် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဤသတင်းစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးသိန်းဇော်**
**ဖုန်း-၀၉-၄၅၀၅၀၇၂၇၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် ၄၁၄/၃၊ ဦးပိုင်အမှတ် ၁၃၇၊ ၆၃x၆၅ ကြား၊ ၃၂x၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းနွယ်ဦး ၅/မရန(နိုင်)၁၄၀၀၀၆၊ ဦးမြတ်စိုးကျော် ၉/မရမ(နိုင်)၀၄၀၇၉၂၊ ဦးအောင်မိုးကျော် ၉/မရမ(နိုင်)၀၄၀၇၆၆တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာ ချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄

ဒေါ်နှင်းနွယ်စိုး နှင့် ဦးတင်မြင့်
တရားလို တရားပြိုင်

အေးသာယာမြို့၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ(၁)၊ အကွက်ကြီး(၅၅)၊ အိမ်အမှတ်(၅၉)နေ ဦးတင်မြင့် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်နှင်းနွယ်စိုးက အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြော ဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့် အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး )**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၉

ဒေါ်သီတာဆွေ နှင့် ဦးဟန်ဝင်းစိုး (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူဒေါ်နန်းယဉ်ယဉ်ထွန်း(ခ) ဖြူဖြူခိုင် )
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ စ-၉/၄၄၊ ၆၅x၆၆လမ်းကြားနေ ဦးဟန်ဝင်းစိုး (ဘ)ဦးစိုးငြိမ်း (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်နန်းယဉ်ယဉ်ထွန်း(ခ)ဖြူဖြူခိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သီတာဆွေက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃)၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ်(၅)ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကိုထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှမျိုးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၃၅၀

ဒေါ်ရန်ကြားမြင် (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်မင်းထွန်း) နှင့်
၁။ ဒေါ်ဝင်းကြည် ၉။ မခိုင်ဇင်ဦး
၂။ ဦးစိန်မင်း ၁၀။ ဦးရဲမင်းသူ
၃။ မသင်းသင်းခိုင် ၁၁။ မအေးဆွေ
၄။ ဦးကိုလေး ၁၂။ ကျွဲကြီး
၅။ မရတီ ၁၃။ အငယ်မ
၆။ ဦးမျိုးမင်းထွန်း ၁၄။ ဒေါ်မြရင်
၇။ မဝေမာ ၁၅။ မဖြူ
၈။ ဦးအောင်ဇော်ထွန်း

လျှောက်ထားသူ လျှောက်ထားခံရသူများ

လျှောက်ထားခံရသူ ၂။ဦးစိန်မင်း(ဘ)ဦးကျော်ဆွေ ၃။ မသင်းသင်းခိုင်၊ ၄။ ဦးကိုလေး၊ ၅။ မရတီ (အယူခံ တရားပြိုင်၂ မှ ၅ထိ အတူနေများ)အကွက်အမှတ် (ပ-၈)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ၆။ ဦးမျိုးမင်းထွန်း ၇။ မဝေမာ ၈။ ဦးအောင်ဇော်ထွန်း၊ ၉။ မခိုင်ဇင်ဦး၊ ၁၀။ ဦးရဲမင်းသူ၊ ၁၁။ မအေးဆွေ၊ ၁၂။ကျွဲကြီး ၁၃။ အငယ်မ(အယူခံတရားပြိုင် ၆ မှ ၁၃ ထိ အတူနေများ)အကွက်အမှတ်-၁၄၁၊ လမ်း ၃၀၊ ၅၈-၅၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ၁၄။ ဒေါ်မြရင်၊ ၁၅။ မဖြူ (အယူခံတရားပြိုင် ၁၄၊ ၁၅ အတူနေများ) အကွက်(ပ-၈)မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာများမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ရန်ကြားမြင်(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူဦးဇော်မင်းထွန်း)က ဤရုံးသို့ မဟာအောင်မြေခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ် - ၃၄၀ /၂၀၂၂၊ မြေကွက်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများအား နှင်ထုတ်လိုမှုနှင့် ဆောက်လုပ်ထားသော အဆောက်အအုံများအားဖျက်သိမ်းဖယ်ရှားပြီး မြေကွက်အားလက်ရောက်ရ လိုမှုစွဲဆိုမှုတွင် တရားလိုစွဲဆိုထား သောအမှုအား တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ၂ အရ ပလပ်ကြောင်း ချမှတ်လိုက်သည့်အမိန့်အပေါ် မူလရုံးတရားလိုမှ ပြင်ဆင်မှုတင်သွင်း လျှောက်ထားလာသဖြင့် သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း (၂)ရက် မွန်းမတည့်မီ (၁၀)နာရီတွင် သင်ကိုယ်တိုင် ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပွင့်ဖြိုးလင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄၈

ဦးကြည်တူး နှင့် ၁။ Big Win Co.,Ltd (၎င်း၏ကိုယ်စား ဒေါ်ချိုချိုခိုင်)
၂။ ဦးဇော်မင်းဦး

လျှောက်ထားသူ လျှောက်ထားခံရသူများ

ချမ်းသာအောင် လက်ဖက်ရည်ဆိုင်လမ်းကြား၊ ရွာရှည်ဘုန်းကြီးကျောင်း ရှေ့တည့်တည့်၊ ရွာရှည်ရွာ၊ သလဲ ကုန်းအုပ်စု၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့နေ ဦးဇော်မင်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ ဦးကြည်တူးက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်း-၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မြင့်သန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၈၊ဦးပိုင်အမှတ် ၄-ဏ/၁ ၊ ၁၁ X၁၀လမ်းကြား၊ ၈၀X၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်ချို(ခ)ချိုချို ၉/မနမ(နိုင်)၀၂၇၆၁၂က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၃

ဒေါ်ချိုချိုအေး နှင့် ဗိုလ်မှူးကြီးညွန့်လှိုင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးမြင်းချန်း)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက် ၊ ၅၂x၅၃လမ်းကြား၊ မဏ္ဍလာလမ်းနှင့် တပင်ရွှေထီးလမ်းကြား ရပ်နေ ဗိုလ်မှူးကြီးညွန့်လှိုင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးမြင်းချန်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဗိုလ်မှူးကြီး ညွန့်လှိုင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးမြင်းချန်း) သင့်အပေါ်၌ တရားလို ဒေါ်ချိုချိုအေးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၇)၊ ဦးပိုင်အမှတ်(၇+၈)၊ ဧရိယာ (၀.၁၁၀၂)ဧက၏ အကျယ်အဝန်းရှိ ဗိုလ်မှူးကြီးညွန့်လှိုင် အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်၊ (၁၃၈၆ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင်သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့် )**
**မြို့နယ်တရားသူကြီး ၊**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီး မှုအမှတ်- ၁၈

ဒေါ်ရန်ကိုက်ရင် နှင့် ဒေါ်ညိုညို(၁)
တရားလို တရားပြိုင်

မန္တလေးမြို့၊ အကွက်အမှတ်(ဘဘ-၉)၊ ၁၁၄x၁၁၅လမ်းကြား၊ မဥ္ဇူလမ်း၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ဒေါ်ညိုညို(၁)(ဘ)ဦးစု(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ရန်ကိုက်ရင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်၊ (၁၃၈၆)ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၂၈)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အသိပေးကြေညာခြင်း

၁။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ကောင်းမှုးတုံရပ်ကွက်၊ အကွက်အမှတ်(၇၇/အားကစားကွင်း အရှေ့)၊ ဦးပိုင်အမှတ်(၁၀၄+၁၀၅)၊မြေဧရိယာ(၀.၄၇၄)ဧကရှိ မြေနေရာသည် ဦးနိုင်ဦးအမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်(၁၉၀/မဆ/၂၀၁၇)ဖြင့် (၃-၅-၂၀၁၇) ရက်မှ (၂-၅-၂၀၂၇)ရက်အထိ (၁၀)နှစ်မြေငှားဂရန် ထုတ်ပေးထားရှိပြီး အဆိုပါမြေနေရာကို ဦးနိုင်ဦးမှ (၁၅-၅-၂၀၁၇) ရက်တွင် ဒေါ်စောရွှယ်မီအား အထူးကိုယ်စားလှယ်ပေးအပ်ခဲ့ပြီး အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်စောရွှယ်မီထံမှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၉-၄-၂၀၂၄)ရက် ရက်စွဲပါ စာချုပ်အမှတ်(၁၈/၂၀၂၄)ဖြင့် အိမ်ဝိုင်းမြေလွှဲပြောင်းရောင်းချခြင်းစာချုပ်ချုပ်ဆို၍ ဒေါ်အက်(စ်)တာအောင်မှ ဝယ်ယူခဲ့ပြီး အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်၊ ကောင်းမှုးတုံရပ်ကွက်၊ အကွက်အမှတ်(၇၇/အားကစားကွင်း အရှေ့)၊ ဦးပိုင် အမှတ်(၁၀၄+၁၀၅)၊ မြေဧရိယာ(၀.၄၇၄)ဧကရှိ မြေနေရာအား ဒေါ်အက်(စ်)တာအောင် (၁၃/ကခန(နိုင်)၀၀၀၆၂၀)မှ အမည် ပြောင်း မြေငှားဂရန်လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများ ယူဆောင်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့၊ ဖုန်း-၀၈၂-၂၉၅၀၆၉၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေးဗျသံရုံးတွင် ရုံးသုံးကားနှစ်စီးအား လေလံတင် ရောင်းချသွားမည် ဖြစ်ပါသည်။

(1) BMW 740I saloon, Model Year 2012 (Black)
(2) KIA Sorento, Model Year 2012 (Black)

အဆိုပါကားနှစ်စီးအား စိတ်ဝင်စားပါက အောက်ဖော်ပြပါ Phone Number အား ဆက်သွယ်နိုင်ပါသည်။

+951 8657985
+951 8658252
+951 8658253

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ(အေ)ရပ်ကွက်၊ (၁)လမ်း၊ ဦးပိုင်အမှတ် (၇၆)ရှိ အလျားပေ( ၆၅ ) x အနံပေ( ၄၀ )ရှိ ဝိုင်းမြေကွက်မှာ မြို့ကွက်များဖော်ထုတ်ရေး တိုင်းကြီးကြပ်မှုကော်မတီ မကွေးမြို့မှ ဦးခင်မောင် အမည်ဖြင့် တောင်သူများအား အခမဲ့ချထားပေးသည့် ဝိုင်းမြေကွက်ဖြစ်ပြီး ယင်းဝိုင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူဒေါ်နုနုဝင်း ၉/တကန(နိုင်)၀၁၁၆၀၉ ထံမှ ကျွန်မဒေါ်စန်းစန်းဝင်း ၈/မလန (နိုင်)၀၀၀၂၅၄ မှ အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထက်ဖော်ပြပါဝိုင်းမြေများနှင့် ပတ်သက်သည့် တရားဝင်ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း**
**၈/မလန(နိုင်)၀၀၀၂၅၄၊**
**(၈)လမ်း၊ အမှတ်(၃) ရပ်ကွက်၊ မင်းဘူးမြို့**
**ဖုန်း-၀၉-၂၆၀၆၃၀၃၇၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ သပြုကျေးရွာအုပ်စု၊ သပြုရွာမရှိ အရှေ့လားသော်-ရေကာတာ၊ အနောက်လားသော်- ဒေါ်မြင့်၊ တောင်လားသော်-ဦးကြီးမြင့်၊ မြောက်လားသော်- ဒေါ်စန်းကြည်၊ နယ်လေးရပ်အတွင်းရှိ အလျား(၁၃၀)ပေ၊ အနံ (၈၄)ပေရှိ ခြံမြေကွက်နှင့် တကွ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော "(၃)ပင်၊ (၂)ခန်း၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း" အဆောက်အအုံတို့မှာ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော မအိဇင်ဖြိုးနှင့် မောင်ဟိန်းထက်အောင်တို့၏ ပစ္စည်းများဖြစ်ပါသည်။ အဆိုပါခြံမြေကွက်နှင့် နေအိမ်တို့အား ယခုအခါ ရောင်းချရန် စီစဉ်လျက်ရှိပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ "ကန့်ကွက် " လိုပါက ခိုင်မာသည့်အထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအေးလှိုင်**
**B.A(Myanmar)M.A(Q) H.G.P**
**အထက်တန်းရှေ့နေ**
**(စဉ်-၈၂၁၃/၁-၉-၁၉၈၃)**
**အမှတ်(၂၈)၊ ကမ်းနားလမ်း၊ (၈)ရပ်ကွက်၊ ညောင်တုန်းမြို့**

## အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၄x၃၅ကြား၊ (၇၂)လမ်း၊ အကွက်အမှတ်(၇၀၁)၊ အမှတ်(၃၆/၁၁)နေ ဒေါ်ခင်မျိုးမြင့် ၉/မရတ (နိုင်)၀၇၃၆၆၃၊ ဒေါ်ငွေငွေမြင့် ၉/မရတ(နိုင်)၀၇၃၆၆၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်မင် တိုက်နယ် ရပ်ကွက်၊ မန္တလေးလမ်း၊ ကန်တော်လေး၊ အမှတ်(၂၃)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ဂျေ)၊ မြေကွက်အမှတ်(၅၅)၊ ကြေးတိုင်အမှတ်(၁၈)၊ အကျယ်အဝန်းဧရိယာ (၂၆x၆၀)ပေရှိ၊ ဦးစိန်ဝင်းဖေ (ဘ) ဦးလှအောင် ၁၂/မဂတ (နိုင်)၀၄၇၀၀၃၊ ဒေါ်ခင်မျိုးမြင့်(ဘ)ဦးလှအောင် ၉/မရတ(နိုင်)၀၇၃၆၆၃၊ ဒေါ်ငွေငွေမြင့် (ဘ) ဦးလှအောင် ၉/မရတ(နိုင်)၀၇၃၆၆၃၊ နှစ်(၉၀)ဂရန်မြေအား (၃)ဦး အမည်ပေါက်ဖြင့် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထက်အမည်ပါရှိသူများမှ ဥပဒေနှင့်အညီ လက်ရှိထား စီမံခန့်ခွဲပိုင်ခွင့်ရှိသူများ ဖြစ်ကြပါသည်။ ကြော်ငြာပါရှိသည့်ရက်မှစ၍ အထက်အမည်ပါရှိသူများ၏ သဘောတူညီချက်၊ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ပါမြေကွက်ဥပစာကို မည်သူတစ်ဦး တစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ပေးကမ်းခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အများပြည်သူ သိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာထွန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ် - ၄၇၈၀၅) ၂၉-၇-၂၀၁၆**
**အမှတ်(၄၈၃)၊ မြရတနာ(၁)လမ်း၊ မြောက်ဥက္ကလာ၊ ဖုန်း-၀၉-၇၇၀၅၃၅၂၉၉**

## ဖခင်အမည် တစ်ဦးတည်း ဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ အထက(ခွဲ)၊ ဇေယျဝတီ(၃)မှ ဦးဂျက်ဘဂဝမ်း(ထက်ပြ) ၇/ဖမန (နိုင်)၁၀၀၄၄၄၏ဖခင်ဦးရမ်းချစ်(ဂျ်)၊ ဦးရမ်းဂျီ၊ ဦးရာမ်ဂျီတို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးရမ်းချစ်(ဂျ်)(ခ)ဦးရမ်းဂျီ(ခ)ဦးရာမ်ဂျီ**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အလက ချင်းခင်ကျောင်း Grade-6မှ မနှင်းအိလင်းလက်၏ ဖခင်အမည်မှန်မှာ ဦးစိုးသူ ၇/ဖမန (နိုင်)၁၄၁၀၆၀ ဖြစ်ပါကြောင်း။

**ဦးစိုးသူ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်) ကြည့်မြင်တိုင်အနောက်တိုက်နယ်၊ ရပ်ကွက်အမှတ်- ၂၆-F5၊ မြေကွက် အမှတ်(၁၇)၊ (ယခု) ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(မြောက်)ရပ်ကွက်၊ ဗိုလ်စောပုလမ်း၊ အမှတ်(၉၀)၊ မြေအမျိုးအစား ဂရန်၊ မြေအကျယ်အဝန်း( $\frac{70'.8"}{70'x25'}$ )ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ခင်ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းနွဲ့ ၁၂/ဥကတ(နိုင်) ၀၉၈၂၈၃ က ဥပဒေနှင့်အညီ တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အပါအဝင် စာရွက်စာတမ်းများကို လက်ရောက်လက်ခံလွှဲပြောင်းရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းနွဲ့ တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းနွဲ့ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
